မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၂၂ ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ်(၂၂၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရေမြေသယံဇာတနှင့် လူ့စွမ်းအားအရင်းအမြစ်ပေါင်းစပ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

နိုင်ငံတော်က တည်ဆောက်ထားပြီးဖြစ်သည့် အခြေခံအဆောက်အအုံကောင်းများကို ထိရောက်စွာအသုံးချ

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသစွဲ၊ လူမျိုးစွဲများကို ပယ်ဖျောက်

မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးပြီး စီးပွားရေးအမြင်ရှိရှိဖြင့် ပေါင်းစပ်လုပ်ကိုင်

နေပြည်တော် မေ ၂၁

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် မေ ၂၀ ရက် နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စပါးခွံဘိလပ်မြေ စမ်းသပ်စက်ရုံသို့ ရောက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တွေမြို့ မင်းဂံရပ်ကွက် ကန်တော်ကြီးရှင်းလင်းဆောင်၌ သင်းဝင်ဇီဝလောင်စာဆီကို အသုံးပြု၍ ရေနွေးအိုးတည်ခြင်း၊ မီးထွန်းခြင်း၊ ဟင်းချက်ပြုသခြင်းတို့ကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

မိုးထစ်ချုန်း

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စစ်တွေလေဆိပ် လေယာဉ်ပြေးလမ်းကို တွေ့ရစဉ်။ (သတင်းစဉ်)

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၂၂ ရက်)

ပြည်ထောင်စုတစ်ဝန်း ရထားလမ်းများတိုးချဲ့ဖောက်လုပ်နေ ဒေသဖွံ့ဖြိုးရေး တိုင်းရင်းသားပြည်သူများ လက်တွဲကြိုးပမ်း

စစ်တွေ-အမ်း-မင်းဘူးရထားလမ်းကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အရှည် ၁၁ဒသမ ၄၆မိုင်ရှိ စစ်တွေမြို့(ပြည်တော်သာ-ရေချမ်းပြင်) ရထားလမ်းပိုင်းဖွင့်ပွဲ အခမ်းအနားကို မေလ ၁၉ရက်နေ့က ကျင်းပခဲ့သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ မြန်မာ့မီးရထားသည် ရထားလမ်းများ တိုးတက်ကောင်းမွန်ရန် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စစ်တွေမြို့(ပြည်တော်သာ-ရေချမ်းပြင်) လမ်းပိုင်းကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်တွင် စတင်ဖောက်လုပ်ခဲ့ရာ မေလ ၁၃ ရက်တွင် ပြီးစီးခဲ့သည်။ ပြည်တော်သာ-ရေချမ်းပြင် ရထားလမ်းပိုင်းတွင် တံတားကြီးငယ်ပေါင်း ၂၁စင်း၊ ဘလောက်ဘူတာပေါင်း သုံးဘူတာ၊ ရပ်စခန်းဘူတာ သုံးဘူတာ ပါဝင်သည်။

မြန်မာ့မီးရထားသည် ၁၉၈၈ခုနှစ်မတိုင်မီ ရထားလမ်းအရှည်၁၉၆၇ ဒသမ ၃၅ မိုင်ရှိခဲ့ပြီး ယခုဖွင့်လှစ်ခဲ့သည့် စစ်တွေမြို့(ပြည်တော်သာ-ရေချမ်းပြင်)လမ်းအပါအဝင် တပ်မတော်အစိုးရ လက်ထက်တွင် ရထားလမ်းအရှည် ၁၂၆၁ ဒသမ ၇၀ မိုင် ထပ်မံတိုးချဲ့ ဖောက်လုပ်နိုင်ခဲ့ရာ ယခုအခါ ရထားလမ်းမိုင် အရှည် စုစုပေါင်း ၃၂၃၈ ဒသမ ၀၅ မိုင် ဘူတာပေါင်း ၈၂၁ ဘူတာအထိ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သည်။

ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုရေးနှင့်စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရထားလမ်းများကို ကွန်ရက်သဖွယ်ဖောက်လုပ်လျက်ရှိပြီး ရထားလမ်းသစ် စီမံကိန်းများကိုလည်း ချမှတ်ဖော်ဆောင်လျက်ရှိရာ ကြံခင်း-ပခုက္ကူရထားလမ်း မိုင် ၃၂၀၊ ကသာ-ဗန်းမော် ရထားလမ်း ၉၅ မိုင်၊ ပျော်ဘွယ်- နတ်မောက်-မကွေးရထားလမ်း ၉၅ မိုင်၊ နမ့်စန်-ကျိုင်းတုံ ရထားလမ်း ၂၃၆ မိုင်၊ ထားဝယ်-မြိတ်ရထားလမ်း မိုင် ၁၅၀၊ စစ်တွေ-အမ်း-မင်းဘူးရထားလမ်း ၂၅၇ မိုင်တို့ ပါဝင်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းတွင် ရေအားလျှပ်စစ်စီမံကိန်းများ၊ ကားလမ်း၊ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းများကို ချမှတ်ဖော်ဆောင်လျက်ရှိရာ ဒေသခံ တိုင်းရင်းသားပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းပါဝင် လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆန်စက်လုပ်ငန်းရှင်များနှင့် ငါးမွေးမြူရေးလုပ်ငန်းရှင်များအား ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တွေ့ဆုံ

ရန်ကုန် မေ ၂၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မေ၁၈ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ညောင်တုန်းမြို့သို့ ရောက်ရှိပြီး ဧရာဝတီတိုင်းအတွင်းရှိ ဆန်စက်လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဆန်စက်လုပ်ငန်း ဘေးထွက်ပစ္စည်းမှ တိရစ္ဆာန်အစာ ကုန်ကြမ်းအဖြစ် အသုံးပြုရာတွင် အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စေရေး အခြေအနေများ ဆွေးနွေးမှာကြားပြီး တက်ရောက်လာသော ဆန်စက်လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆောင်ရွက်ပေး

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ငါးမွေးမြူရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ ငါးမွေးမြူရေးလုပ်ငန်းတွင် ငါးအစာတောင့် မွေးမြူကျွေးမွေးခြင်းဖြင့် မွေးမြူရေးကန် ရေထုညစ်ညမ်းမှု ကာကွယ်နိုင်သည့်အပြင် တစ်ဧကအထွက်နှုန်း တိုးတက်ရရှိမည့်အခြေအနေများကို ရှင်းလင်းမှာကြားပြီး တက်ရောက်လာသူများ၏ ငါးမွေးမြူရေးဆိုင်ရာ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၂-၅-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၂၅ ၅။ မဟာဂီတချိုကြည်မြ
၄း၅၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၃၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၅၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၄၀ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၅၂)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ စိုက်ပျိုးသုတ
၂၀။ ရှင်သန်နေသော သီချင်းများ (Living Songs)
၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နတ်ဆေးရှင်သိုင်းမောင်နှံ** (အပိုင်း-၈)

ပညာရေးဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကန့်ဘလူမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံ

နေပြည်တော် မေ ၂၁

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် မေ ၁၆ ရက် မွန်းလွဲပိုင်းက ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပညာသင်ကြားရေး

ဝန်ကြီးသည် မေ၁၇ရက် နံနက်စနာရီတွင် ကျွန်းလှမြို့ ဘူတာ ညှော့ခန်း၌ ကျွန်းလှမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာဆရာမများနှင့် တွေ့ဆုံကာ ပညာသင်ကြားရေး၊ အောင်ချက်မြင့်မားရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကန့်ဘလူမြို့နယ် ပင့်သာကျေးရွာသို့ ရောက် ရှိပြီး ပင့်သာကျေးရွာ၊ ညောင်ကုန်းကျေးရွာနှင့် အင်းမကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ **(အပေါ်ပုံ)** ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စာသင်ကျောင်းများအတွက် ပြဋ္ဌာန်းစာအုပ်များ၊ စာအုပ်နှင့် စာရေးကိရိယာများ၊ အားကစားပစ္စည်းများ ပေးအပ်သည်။

ပေးအပ်

ဆက်လက်၍ ဝန်ကြီးသည် ချပ်ကြီး၊ ချပ်သင်း၊ ကံကြီးနှင့် ကိုးထောင်ဘို့ကျေးရွာအုပ်စုများသို့ သွားရောက်ကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ စာသင်ကျောင်းများအတွက် ပြဋ္ဌာန်းစာအုပ်များ၊ စာအုပ်နှင့် စာရေးကိရိယာများ၊ အားကစားပစ္စည်းများကို ပေးအပ်သည်။

ဝန်ကြီးသည် ညပိုင်းတွင် ကန့်ဘလူမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းနေ ဦးမောင်ကြီး-ဒေါ်တင်အုန်း၊ သားကိုစိုးလှိုင်ဦး-မရတနာခင်၊ ကိုစိုးနိုင်ထွန်း-မခိုင်ခိုင်လွင်ဦး၊ ကိုစိုးလှိုင်မြင့်၊ မြေး ဖွဲ့ဦးထက်မိသားစုက လေးထပ်ဘိုးဘွားဆောင် အဆောက်အအုံသစ်ကြီးအတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

နေပြည်တော် မြန်မာ့အသံ

(စနေနေ့-နံနက်+နေ့လယ်+ည)

(၂၃-၅-၂၀၀၉)

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၁၅ တရားတော်(ရတနသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (အငြိုးမှ ပူပန်ခြင်းမီးသို့)
၈း၄၀ တေးပဒေသာ
၉း၀၀ ဘဝအသွင်ကဗျာ့အမြင် (လောင်မြိုက်ခဲ့သောနှလုံးသား)
၉း၁၀ တေးပဒေသာ
၉း၃၀ မွေးနေ့လက်ဆောင်
၉း၄၅ အာဆီယံအစီအစဉ်
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ကလေးအစီအစဉ် (စံပြလုလင်ပုံပြင်) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅ ဇာတ်လမ်းပမာနားဆင်စရာ (အနှစ်၂၀ ကြာပြီးနောက်)
၁၁း၅၅ တေးပဒေသာ
၁၂း၀၀ စံတော်ချိန် တေးပဒေသာ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (ရှင်မွေးနွန်းမင်းသမီး၏ အလှူဘွဲ့) ဟန်မျိုးစုံညီတေးကိုသီ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။

၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး (ပတ်ဝန်းကျင်ကောင်း)
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ လေလှိုင်းကြားကပွဲတင်သံ
၁၇း၁၅ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ခေတ်မရွေးသောတေးများ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၀၅ တေးချစ်သူရွှေးသီတေးပန်းချီ
၁၈း၃၀ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ သူ့အကြိုက်သူ့အသွင်(ခင်ဘုဏ်း) နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ ကျန်းမာရေးရာသိကောင်းစရာ (နံနက်စာစားသုံးတဲ့ အလေ့အထယဉ်ကျေးမှု) တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀း၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၁း၀၀ နိုင်ငံတကာအနုပညာ (၄၉) ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တွေလေဆိပ် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ခြင်းပြီးမြောက်သည့် ဖွင့်ပွဲအခမ်းအနားတွင် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

လိုအပ်သည်များမှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် စပါးခွံ ဘိလပ်မြေထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးက လိုက်လံရှင်းလင်းတင်ပြပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

စပါးခွံဘိလပ်မြေသည် သိပ်သည်းမှု မများသောကြောင့် ဝန်အားများစွာမလိုသည့် တစ်ထပ်အိမ်များ၊ အုတ်တံတိုင်းများ၊ နံရံအချောကိုင်ခြင်းများ၊ အပေါ့စားကွန်ကရစ်တုံး(သို့မဟုတ်) အုတ်အလုကွက်များတွင် သုံးစွဲနိုင်သည်။ စက်ရုံထုတ်ဘိလပ်မြေနှင့် နှိုင်းယှဉ်လျှင် အက်စစ်ဓာတ်ကို ပိုမိုခံနိုင်ရည်ရှိသည့်အတွက် အက်စစ်အသုံးပြုသည့် စက်ရုံများ၊ ဓာတ်ခွဲခန်းများ၏ သမံတလင်းကြမ်းခင်းများ ပြုလုပ်ရာတွင် စက်ရုံထုတ်ဘိလပ်မြေနှင့် တွဲဖက်အသုံးပြုနိုင်သည်။ စပါးခွံဘိလပ်မြေကို စက်ရုံထုတ်ဘိလပ်မြေနှင့် အချိုးတူရောစပ်အသုံးပြုခြင်းဖြင့် ဘိလပ်မြေကုန်ကျစရိတ်၏ ၃၅ရာခိုင်နှုန်းခန့် သက်သာနိုင်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိကြပြီး မြို့အဝင်တောင်ပေါက်စေတီအနီး၌ ဖောက်လုပ်ထားသည့် ရထားလမ်း မြေသားလုပ်ငန်းပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁*

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ စစ်တွေလေဆိပ် လေယာဉ်ပြေးလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စပါးခွံဘိလပ်မြေစမ်းသပ်စက်ရုံတွင် ခင်းကျင်းပြသထားသည့် စပါးခွံဘိလပ်မြေ ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စပါးခွံဘိလပ်မြေသည် သိပ်သည်းမှု မများသောကြောင့် ဝန်အားများစွာ မလိုသည့် တစ်ထပ်အိမ်များ၊ အုတ်တံတိုင်းများ၊ နံရံအချောကိုင်ခြင်းများ၊ အပေါ့စားကွန်ကရစ်တုံး (သို့မဟုတ်) အုတ်အလုကွက်များတွင် သုံးစွဲနိုင်၊ စက်ရုံထုတ် ဘိလပ်မြေနှင့် နှိုင်းယှဉ်လျှင် အက်စစ်ဓာတ်ကို ပိုမိုခံနိုင်ရည်ရှိသည့်အတွက် အက်စစ်အသုံးပြုသည့် စက်ရုံများ၊ ဓာတ်ခွဲခန်းများ၏ သမံတလင်းကြမ်းခင်းများ ပြုလုပ်ရာတွင် စက်ရုံထုတ်ဘိလပ်မြေနှင့် တွဲဖက်အသုံးပြုနိုင်သည်။ စပါးခွံဘိလပ်မြေကို စက်ရုံထုတ်ဘိလပ်မြေနှင့် အချိုးတူရောစပ် အသုံးပြုခြင်းဖြင့် ဘိလပ်မြေကုန်ကျစရိတ်၏ ၃၅ရာခိုင်နှုန်းခန့် သက်သာနိုင်။

ကမ္ဘာ့မိုဘိုင်းလ်ဖုန်းဈေးကွက် နိုကီယာ ဦးဆောင်နေဆဲ

ပါရီ မေ ၂၁

ယခုနှစ် ပထမသုံးလပတ်တာကာလအတွင်း ကမ္ဘာတစ်ဝန်း မိုဘိုင်းလ်ဖုန်းရောင်းအားမှာ ၉ ဒသမ ၄ရာခိုင်နှုန်း ကျဆင်းသွားခဲ့သော်လည်း နိုကီယာဖုန်းမှာ ဈေးကွက်၌ ဦးဆောင်နေသည်။ ယင်းမှာ မိုဘိုင်းလ်ဖုန်းဈေးကွက်အနေဖြင့် ရောင်းအားကျဆင်းမှု အများဆုံးကာလပင်ဖြစ်ကြောင်း ပြင်သစ်အခြေစိုက် ဂါတနာစာရင်းအင်းကောက်ယူရေးအဖွဲ့က မေ ၂၀ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

မျှော်လင့်

ကမ္ဘာ့စီးပွားရေးပြဿနာများနှင့် ရင်ဆိုင်နေရသော်လည်း အချို့စီးပွားရေး ဈေးကွက်များမှာ ပြန်လည်တည်ငြိမ်လာသည့်အတွက် ၂၀၀၉ ခုနှစ် တစ်နှစ်လုံး မိုဘိုင်းလ်ဖုန်းရောင်းအားမှာ ၄ ဒသမ ၂ ရာခိုင်နှုန်းသာ ကျဆင်းမည်ဟု မျှော်လင့်ကြောင်း ယင်းအစီရင်ခံစာ၌ ဖော်ပြသည်။

ကျဆင်း

မိုဘိုင်းလ်ဖုန်းဈေးကွက်၌ နိုကီယာဖုန်း အမျိုးအစားမှာ ဦးဆောင်လျက်ရှိသော်လည်း ၂၀၀၈ ခုနှစ်က မိုဘိုင်းလ်ဖုန်းဈေးကွက်၏ ၃၉ ဒသမ၁ရာခိုင်နှုန်းရှိရာမှ ယခုနှစ်၌ ၃၆ ဒသမ ၂ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့သည်။

မိုဘိုင်းလ်ဖုန်းဈေးကွက်၏ ၁၉ ဒသမ၁ရာခိုင်နှုန်းကို ရရှိထားသော ဆမ်ဆောင်းကုမ္ပဏီမှာ ဒုတိယနေရာမှ လိုက်လျက်ရှိသည်။ မော်တိုရိုလာဖုန်းများမှာ ရောင်းအားကျဆင်းလာခဲ့၍ ယင်း၏ တတိယနေရာကို အယ်လ်ဂျီကုမ္ပဏီက ရယူနိုင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

မိုဘိုင်းလ်ဖုန်း

ကမ္ဘာတစ်ဝန်း၌ နိုကီယာမိုဘိုင်းလ်ဖုန်းရောင်းချရမှုသည် ဈေးကွက်၌ ဦးဆောင်လျက်ရှိရာ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ မိုဘိုင်းလ်ဖုန်း အရောင်းခန်းမတစ်ခုကို မေ၂၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း ဒုတိယအကြိမ် ရာထူးလက်ခံရယူဖွယ်ရှိ

နယူးဒေလီ မေ ၂၁

အိန္ဒိယကွန်ဂရက်ပါတီခေါင်းဆောင် ဆိုနီယာဂန္ဒီက မစ္စတာမန်မိုဟန်ဆင်းအား ကွန်ဂရက်ပါတီ၏ ပါလီမန်ခေါင်းဆောင်အဖြစ် မေ ၁၉ရက်က ရွေးချယ်ခန့်အပ်လိုက်သည့်အတွက် မန်မိုဟန်ဆင်းမှာ မေ ၂၂ရက်**(ယနေ့)**တွင် အိန္ဒိယဝန်ကြီးချုပ်အဖြစ် ဒုတိယအကြိမ် ကျမ်းသစ္စာကျိန်ဆို ရာထူးရယူဖွယ်ရှိသည်။

ရွေးချယ်

ပါလီမန်အဆောက်အအုံ၌ လောလောလတ်လတ် ရွေးချယ်တင်မြှောက်ခံရသည့် အမတ်များ၏ အစည်းအဝေးတွင် အသက် ၇၆နှစ်ရှိ မန်မိုဟန်ဆင်းအား ကွန်ဂရက်ပါတီ၏ ပါလီမန်ဆိုင်ရာ ခေါင်းဆောင်အဖြစ် မစ္စဆိုနီယာဂန္ဒီက ရွေးချယ်လိုက်ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ပီတီအိုင်**

ပေါ်တူဂီနိုင်ငံ ပီရာမြို့ကမ်းခြေ၌ကျင်းပမည့် ၂၀၀၉ခုနှစ် အပြည်ပြည်ဆိုင်ရာ သဲပန်းပုပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်နေသည့် သဲပန်းပုလက်ရာကို မေ ၂၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဗြိတိန်အောက်လွှတ်တော်ဥက္ကဋ္ဌ မာတင် ရာထူးမှနုတ်ထွက်

လန်ဒန် မေ ၂၁

ဗြိတိန်နိုင်ငံတွင် ပါလီမန်အဖွဲ့ဝင်များ(အမ်ပီ) ပါဝင်ပတ်သက်သည့် အသုံးစရိတ်နှင့်ပတ်သက်၍ ဗြိတိန်အောက်လွှတ်တော်ဥက္ကဋ္ဌ မိုက်ကယ်မာတင်က ဇွန် ၂၁ရက်တွင် ရာထူးမှနုတ်ထွက်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ပါလီမန်အတွင်း ညီညွတ်ရေး ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် အောက်လွှတ်တော်တွင် မေ ၁၉ရက် မွန်းလွဲပိုင်းက ကြေညာခဲ့ခြင်းဖြစ်သည်။ လွှတ်တော်ဥက္ကဋ္ဌတစ်ဦး ရာထူးမှထွက်ရသည့်ဖြစ်ရပ်သည် နှစ်ပေါင်း ၃၀၀အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။ ပါလီမန်အမတ်များ၏ အသုံးစရိတ်များကို သတင်းမီဒီယာများက ဖော်ပြခဲ့ပြီးနောက် မာတင်က ယင်းကိစ္စကို ထိန်ချန်ဖုံးကွယ်ထားရန် ကြိုးပမ်းခဲ့သဖြင့် အတိုက်အခိုက်ခံခဲ့ရသည်။

မာတင်က ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ များစွာစိတ်မကောင်းရကြောင်း ပြောကြားသည်။ ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းကမူ ၄င်းဖြစ်ရပ်သည် အစိုးရ၏ တာဝန်မဟုတ်ဘဲ အောက်လွှတ်တော်က ဆုံးဖြတ်ရမည့်ကိစ္စဖြစ်သည်ဟု ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်ရှိ သဘာဝဓာတ်ငွေ့ထုတ်လုပ်သည့် လုပ်ငန်းခွင်၌ မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားနေသည်ကို မေ ၂၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် သီရိလင်္ကာသို့ သွားရောက်မည်

ဂျီနီဗာ မေ ၂၁

သီရိလင်္ကာနိုင်ငံစစ်ပွဲ၏ ဒုက္ခရာဇာချက်များကို ကူညီကုစားပေးရေးအတွက် သီရိလင်္ကာနိုင်ငံသို့ မေ ၂၂ရက်နှင့် ၂၃ရက်တို့တွင် မိမိသည် ယင်းနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မေ ၁၉ရက်တွင် ပြောကြားသည်။

ပြောကြား

သီရိလင်္ကာနိုင်ငံ၌ စစ်ဆင်ရေးများ ပြီးဆုံးသွားသည့်အတွက် မိမိစိတ်သက်သာရာ ရသွားကြောင်း၊ သို့သော် အရပ်သားအများအပြား အသက်ဆုံးရှုံးရသည့်အတွက် များစွာစိတ်မချမ်းမသာဖြစ်ရပါကြောင်း မစ္စတာ ဘန်ကီမွန်းက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

A/H1N1တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူ ဂျပန်နိုင်ငံတွင် ၂၃၆ဦးအထိရှိပြီ

တိုကျို မေ ၂၁

ဂျပန်နိုင်ငံ ရှီဂါခရိုင်တွင် A/H1 N1 တုပ်ကွေးရောဂါ ဖြစ်ပွားသူတစ်ဦး ပထမဆုံးစစ်ဆေးတွေ့ရှိရသဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် A/H1N1 တုပ်ကွေးရောဂါဖြစ်သူပေါင်း မေ ၂၀ရက်အထိ ၂၃၆ဦး ရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ အသက် ၂၃နှစ်ရှိ အမျိုးသားတစ်ဦး ရှီဂါခရိုင် အိုစု၌A/H1N1 တုပ်ကွေးဖြစ်ပွားကြောင်း စမ်းသပ်တွေ့ရှိသောကြောင့် ၄င်းသည် အိုဆာကာခရိုင်နှင့် ဟိုအိုဂိုခရိုင်ပြင်ပတွင် ပထမဆုံး ယင်းရောဂါဖြစ်ပွားသူ ဖြစ်သည်။

၄င်းသည် ဟိုအိုဂိုခရိုင် ကိုဘီမြို့သို့ မေ ၁၅ရက်မှ ၁၇ရက်အထိ သွားရောက်လည်ပတ်ပြီးနောက် ရောဂါကူးစက်ဖြစ်ပွားခြင်း ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ရှုလာအရပ်၌ စားသောက်ဆိုင်များအနီးရှိ ကားရပ်နားစခန်းတွင် မေ ၂၁ရက်က ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသောကားကို တွေ့ရစဉ်။ (ယင်းတိုက်ခိုက်မှုကြောင့် ၄၁ဦး သေဆုံးပြီး ၇၆ဦး ဒဏ်ရာရရှိခဲ့သည်။) **(အင်တာနက်ဓာတ်ပုံ)**

တူရကီနိုင်ငံအရှေ့ပိုင်း၌ ဘိန်းဖြူ ၃၃ကီလို သိမ်းဆည်းမိ

အင်ကာရာ မေ ၂၁

တူရကီရဲတပ်ဖွဲ့၏ ကြိုးပမ်းဖော်ထုတ်မှုကြောင့် တူရကီနိုင်ငံ၏ အရှေ့ပိုင်းတွင်ဘိန်းဖြူ ၃၃ကီလို သိမ်းဆည်းရမိကြောင်း တရားဝင်သတင်းထုတ်ပြန်သည်။

ကြေညာ

အဆိုပါရဲတပ်ဖွဲ့က အာဇင်ကန်ပြည်နယ်တွင် အနံ့ခံခွေးများ၏အကူအညီဖြင့် ရှာဖွေရာ မော်တော်ယာဉ်အတွင်း တရားမဝင်မူးယစ်ဆေးဝါးများ သိုဝှက်ထားသည်ကို တွေ့ရှိခဲ့သည်ဟု အာဇင်ကန်အုပ်ချုပ်ရေးရုံးကထုတ်ပြန်သည့် ကြေညာချက်အရ သိရှိရသည်။

ပြောကြား

မူးယစ်ဆေးဝါး ရောင်းဝယ်သူ နှစ်ဦးအားလည်း ဖမ်းဆီးထားသည်ဟုဆိုသည်။ အခြားမူးယစ်ဆေးဝါး စစ်ဆင်ရေးအတွင်း တူရကီလုံခြုံရေးတပ်ဖွဲ့က ဒီယာဘာကာပြည်နယ်တွင် ဆေးခြောက် ၆၃ကီလို သိမ်းဆည်းရမိခဲ့သည်ဟု အနာတိုလီယာသတင်းဌာနက ပြောကြားသည်။

တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်မှုနှင့် ပတ်သက်၍ သံသယမကင်းသူ နှစ်ဦးကိုလည်း ဖမ်းဆီးထားသည်ဟု သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘဏ်လုပ်ငန်းကဏ္ဍ မြင့်မားလာပါက ပြည်သူတို့၏အကျိုးစီးပွား ဖွံ့ဖြိုးလာသကဲ့သို့ လုပ်ငန်းရှင်များ၏ အကျိုးစီးပွားလည်း ပိုမိုဖွံ့ဖြိုးလာမည်

နေပြည်တော် မေ ၂၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ အကြိမ်(၁၁၀)မြောက် အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ငွေရေးကြေးရေးလုပ်ငန်းများ

အစည်းအဝေးတွင် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးလုပ်ငန်းများဆောင်ရွက်ကြရာ၌ ချမှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထား ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ဘဏ်လုပ်ငန်းကဏ္ဍ မြင့်မားလာပါက ပြည်သူတို့၏အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ လုပ်ငန်းရှင်များ၏ အကျိုးစီးပွားသည်လည်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သဖြင့် မျှတစွာ ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌတို့က ဘဏ်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပြောကြားကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက ရှင်းလင်းဆွေးနွေးကြပြီး နိုင်ငံတော်ပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပုဂ္ဂလိကပိုင် ဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများက ယခုလအတွင်း ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေစီးရေလာကောင်းမွန်ရေး ဗန်းမော်၌ ဆောင်ရွက်

ဗန်းမော် မေ ၂၁

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ရေစီးရေလာကောင်းမွန်ရေး၊ မြို့သန့်ရှင်းသာယာရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မေ၇ရက်က ဗိုလ်ချုပ်လမ်းဘေးဝဲယာတစ်လျှောက် အဖွဲ့ပိုင် စက်ယန္တရားများဖြင့် ရေနုတ်မြောင်းများ ရှင်းလင်းဆယ်ယူခြင်း လုပ်ငန်းအငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်ဇော်ဦးနှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်ဦး ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဆိုနီဆေးရုံသုံးပစ္စည်းများ ထုတ်လုပ်ဖြန့်ချိမှုဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၂၁

TMW Enterprise Ltd နှင့် Sony Singapore တို့ ပူးပေါင်း၍ Sony Medical Product Seminar ကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Parkroyal Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ TMW Enterprise Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဝေလွင်က Sony Seminar ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် Head BPP Marketing Division မှ Marketing Manager Mr. Nishi San (Sosin)က Sony Medical Printer များ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ပြောကြား

ယင်းနောက် Mr. Fujisaki က Sony ကင်မရာနှင့် Sony Medical Printer များအကြောင်းနှင့် Singapore National University Hospital ၌ အောင်မြင်ခဲ့သော Sony ဆေးရုံသုံးပစ္စည်းများ အသုံးပြုခဲ့ပုံအကြောင်းကိုလည်းကောင်း၊ Mr. Lowell က Medical Product ပစ္စည်းများနှင့် တွဲဖက်သုံးနိုင်သည့် Solution Product များအကြောင်းကိုလည်းကောင်း အသီးသီးပြောကြားကြသည်။

ဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာကြသူများသည်ခန်းမအတွင်းပြသထားသောSony Medical Equipment များကို လှည့်လည်ကြည့်ရှုကြသည်။**(အောက်ပုံ)**

ခင်းကျင်းပြသ

အဆိုပါ ပြပွဲတွင် HD Medical Equipment များအပြင် Ultrasound and Endoscopy Equipments နှင့် Sony Medical Printer များကိုလည်း တွဲဖက်ခင်းကျင်း ပြသထားသည်။

ဆေးပညာရှင်များအတွက်ပြသထားသော Sony Medical Printer များတွင် Digital Color Video Printer များနှင့် Analog Color A 6 Printer, Color video Printer, Hybrid Graphic Printer, Analog B/W Printer (A 6), Digital B/W Printer (A 6) စသော Printer အမျိုးအစား စုံလင်စွာ ခင်းကျင်းပြသထားသည်။ Sony ၏အသေးဆုံး Ultrasound Printer ဖြစ်သည့် UP- D 897 MD/UP-897 MD တို့ကို အထူးဈေးနှုန်းအပြင် လက်ဆောင်အဖြစ် Photo Paper တို့ကို ထည့်သွင်းရောင်းချပေးသွားမည် ဖြစ်သည်။

ထို့အပြင် Diagnostic Radiology Device များနှင့် တွဲဖက်အသုံးပြုနိုင်သည့် Sony medical Film Imager များကိုလည်းကောင်း၊ ဆေးပညာဘက်ဆိုင်ရာအတွက် Distance Learning System ကို HD Video Conference Solution များနှင့်လည်းကောင်း ခင်းကျင်းပြသထားသည်။

မှာယူရရှိ

အဆိုပါ Sony ဆေးရုံသုံးပစ္စည်းများကို Sony Showroom များတွင် မှာယူရရှိနိုင်သည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီးများ မျက်စိအခမဲ့စမ်းသပ်စစ်ဆေး၊ ခွဲစိတ်ကုသပေးခြင်းနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်

ရန်ကုန် မေ ၂၁

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့သည် မေ ၁၈ရက်က စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် စစ်ကိုင်းခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်စစ်ဆေးခွဲစိတ်ကုသပေးခြင်းနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး အမှာစကားပြောကြားကြကာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အလှူငွေများကို တိုင်းမှူးထံ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် စစ်ကိုင်းခရိုင် ပြည်သူ့ဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များ ဆေးကုသခံယူနေမှုကို လိုက်လံကြည့်ရှုစစ်ဆေး၍ အားပေးစကား ပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် စစ်ကိုင်းမြို့နယ် ကွယ်ပုံကျေးရွာသို့ ရောက်ရှိကြပြီး ကျေးလက်ပြည်သူများနှင့်တွေ့ဆုံ၍ အားကစားပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် ကျေးရွာစာကြည့်တိုက်အတွက် စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးများသည် ကွယ်ပုံကျေးရွာရှိ တွဲဖက်အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချစ်ဦးညို၊ နေဝင်းမြင့်၊ မောင်ဝဏ္ဏနှင့် သုမောင်တို့၏ စာအုပ်များ ပုဂံစာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၁

အနန္တဂုဏ်ရည် မဂ္ဂဇင်းတွင် လစဉ် အခန်းဆက်ပါရှိခဲ့သော ချစ်ဦးညို၏ ဆောင်းပါးများကို စုစည်းဖော်ပြထားသည့် တရားသဘင်စာအုပ်၊ နေဝင်းမြင့်၏ မဂ္ဂဇင်းဝတ္ထုရှည်များအနက်မှ စိတ်ကြိုက်ရွေးချယ်ထားသော ဝတ္ထုရှည် ၁၁ပုဒ်ကို စုစည်းဖော်ပြထားသည့် ၁၈ ယူဇနာ မဂ္ဂဇင်း ဝတ္ထုရှည်များစာအုပ်၊ ၁၉၈၅ခုနှစ်ဧပြီလမှ ၁၉၈၉ခုနှစ်ဧပြီလအတွင်း ကလျာမဂ္ဂဇင်းတွင် ရေးသားခဲ့သည့် အောက်မေ့ဖွယ်စာစုများအနက်မှ စာရေးသူစိတ်ကြိုက် စုစည်းဖော်ပြထားသည့် မောင်ဝဏ္ဏ၏ အောက်မေ့ဖွယ်စာစုများ စာအုပ်**(ယာပုံ)**နှင့် ဂျာနယ်များစွာတွင်ပါရှိခဲ့သည့် သုမောင်၏ ကောင်းနိုးရာရာစာစုများကို စုစည်းဖော်ပြထားသည့် စာမျိုးစုံလင်စာသဘင်(၁) စာအုပ်တို့ကို ပုဂံစာအုပ်တိုက် အမှတ် ၄ (A)၅ ရန်ကင်းစင်တာ ဆရာစံလမ်း ရန်ကင်းမြို့နယ် ရန်ကုန်မြို့မှ ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကြက်ခြေနီနေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲ မော်လမြိုင် အထွေထွေရောဂါကုဆေးရုံ၌ ကျင်းပ

ရန်ကုန် မေ ၂၁

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မော်လမြိုင်မြို့နယ် ထာဝရ သွေးလှူရှင်များအသင်းတို့ စုပေါင်း၍ သွေးလှူဒါန်းပွဲကို မေ၆ရက်က မော်လမြိုင်မြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးရှိ သွေးလှူဘဏ်၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အခမ်းအနားတွင် ပညာရေးကောလိပ်မှ ကျောင်းသားကျောင်းသူ ၂၀နှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင် ၂၀တို့က သွေးလှူဒါန်းကြပြီး ပြည်နယ်အထွေထွေရောဂါကုဆေးရုံ အုပ်ကြီး ဒေါက်တာဘဏ်ဇော်၊ ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာတိုးတိုးအောင်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီဝင် မွန်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဦးစီးမှူး(ပထမတန်း)ဦးကျော်မြင့်၊ မော်လမြိုင်မြို့နယ် ထာဝရသွေးလှူရှင်များ ကြီးကြပ်မှုကော်မတီ ဘဏ္ဍာရေးမှူး ဦးလွင်မိုး၊ မော်လမြိုင်မြို့နယ် ကြက်ခြေနီသူနာပြု တပ်ရင်းမှူး ဒုတိယရဲမှူးမြင့်ဆွေ**(အပေါ်ပုံ)**နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပညာရေးကောလိပ်မှ ဆရာ ဆရာမများက ကြည့်ရှုအားပေးကြကာ သွေးလှူရှင်များအား ဂုဏ်ပြုပစ္စည်းများကို ပေးအပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်သီး၊ ပန်းအလှနှင့် အခမ်းအနားမှူးသင်တန်း ဝန်းသို၌ဖွင့်

ဝန်းသို မေ ၂၁

ကသာခရိုင် ဝန်းသိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့်ကျင်းပသော သစ်သီး၊ ပန်းအလှနှင့် အခမ်းအနားမှူးသင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁ ရက် နံနက် ၉ နာရီက ဒေါင်းမြူးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မိုးဦးက အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စိုးမိုးက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။ **(မြို့နယ် ပြန်/ဆက်)**

ချောင်းဆုံမြို့နယ် ပြန်/ဆက်ရုံး၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

ချောင်းဆုံ မေ ၂၁

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေးပွဲကို မေ ၁၂ရက်က မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ကျင်းပရာ ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၈)မှ ထွန်းလင်းလတ်၏ လွတ်လပ်မှုနှင့် အခြေခံလူ့အခွင့်အရေးဆောင်းပါးကို စာထောက်-၃ ဒေါ်မိသူဇာကလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်မှ အခန်း(၁၄) အသွင်ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များကို ဒေါ်တင်ဇာစိုး ရုပ်/သံ-၃ ကလည်းကောင်း ဖတ်ကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က သုံးသပ်ဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

● *ကျောဖုံးမှ*

ထိုသောအင်းလေးကန်နှင့်ပတ်သက်၍ သတင်းရေးသားနိုင်ရန် ညောင်ရွှေမြို့သို့ မေ၂ရက်နံနက်ပိုင်းတွင် သတင်းအဖွဲ့ ရောက်ရှိခဲ့သည်။ အင်းလေးကန်ဝန်းကျင်ရှိ သဘာဝ အလှအပများကို လေ့လာကြည့်ရှုရန် ညောင်ရွှေမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ကိုထွန်းလင်းက သတင်းအဖွဲ့ကို အင်းလေးကန်သို့ ကူညီစီစဉ်ပို့ဆောင်ပေးခဲ့သည်။

တစ်နိုင်တစ်ပိုင်သန့်ရှင်းရေးစနစ်

ဖောင်တော်ဆိုက်လှေဆိပ်မှ စက်တပ်လှေဖြင့် အင်းလေးကန်သို့ သွားရာ

"ဗေဒါနှင့် အမှိုက်များ ဆယ်ယူမှုကို တစ်နှစ်မှာ ခြောက်ကြိမ်လောက် အနည်းဆုံးလုပ်ရပါတယ်"

ပျားပင်ကျေးရွာသား
ကိုကျော်စိန်

တွင် လှေအဆင်း၌ပင် ရေကြောက်သော စာရေးသူအတွက် အခက်ကြုံရသော်လည်း ကြောက်စိတ်ကို သတင်းရယူချင်စိတ်က အနိုင်ယူခဲ့သည်။ လှေစီးရင်း ရေပြင်ကိုလှေဦးမှထိုးခွဲလိုက်သော ရေဖွားလေးများကို ကြည့်ရသည်မှာလည်း အာရုံနှစ်မျောစရာ ဖြစ်တော့သည်။ အင်းလေးကန်အတွင်း၌ ခရီးသည်များကို ပို့ဆောင်ပြီး ပြန်လာသော လှေများပေါ်၌ ဗေဒါပင်တစ်အုပ်တင်ဆောင်ထားသည်ကို တွေ့ရသဖြင့် ဒေသခံကိုထွန်းလင်းအား မေးမြန်းကြည့်ရာ အင်းလေးကန် ဝန်းကျင်သန့်ရှင်းရေးအတွက် ခရီးသည်ပို့ဆောင်ရေး စက်တပ်လှေများအနေဖြင့် ခရီးသည်ပို့ဆောင်ပြီးပြန်လာတိုင်း ဗေဒါပင်များကို ယူဆောင်ရလေ့ရှိကြောင်း သိရသည်။ ကန်သန့်ရှင်းရေး အတွက် တစ်နိုင်တစ်ပိုင် လုပ်ဆောင်သော သန့်ရှင်းရေးစနစ်တစ်ခုပင်ဖြစ်သည်။

အဓိကချောင်းများ

အင်းလေးကန် ဧရိယာသည် ၆၃ စတုရန်းမိုင်ရှိပြီး ဧကအားဖြင့် ၄၀၁၃၇ ဧက ရှိကြောင်းသိရသည်။ ကန်အတွင်းသို့ စီးဝင်သော အဓိကချောင်းကိုးခုရှိသည်။ ကန်အရှေ့ခြမ်းမှ ချောင်းသုံးခုနှင့် အနောက်ခြမ်းမှ ချောင်းခြောက်ခုတို့က စီးဝင်သည်။ အင်းလေးကန်နှင့် မိုင်၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သစ်တော၊ ရေ၊ မြေ၊ သားငှက်တိရစ္ဆာန် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများဖြင့် စီမံကိန်းကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းထားကြောင်းသိရသည်။

သတင်းအဖွဲ့ အင်းလေးကန်အတွင်း လှေဖြင့်သွားနေစဉ် တစ်နေရာ၌ ဗေဒါပင်များကို လှေအုပ်စုဖြင့် လူ၂၀ ကျော်ခန့်က ရှင်းလင်းဖယ်ရှားနေသည်ကို တွေ့ရ၍ စိတ်ဝင်စားသဖြင့် သွားရောက်မေးမြန်းကြည့်ရာ သပြေပင် ကျေးရွာအုပ်စု ပျားပင်ကျေးရွာမှ ရွာသားများဖြစ်ကြောင်း၊ ကျေးရွာအတွင်းမှ အင်းလေးကန်အတွင်းသို့ သွားရာရေလမ်းကြောင်းတွင် လမ်းကြောင်းပိတ်ဆို့နေသဖြင့် ရွာသားများ စုပေါင်း ရှင်းလင်းနေခြင်းဖြစ်ကြောင်းသိရသည်။ ဤသို့ ရှင်းလင်း

အင်းလေးကန်အတွင်းမှ လှေတစ်စင်း နေဝင်ဆည်းဆာနောက်ခံပြု၍ ဖြတ်သန်းခုတ်မောင်းသွားသည်မှာ....။ (မြန်မာ့အလင်း)

သဖြင့် ကန်အတွင်းသို့ ဗေဒါများနှင့် အမှိုက်သရိုက်များ ဝင်ရောက်မှုနည်းသွားကြောင်း၊ ဗေဒါနှင့် အမှိုက်များ ဆယ်ယူမှုကို တစ်နှစ်ကို ခြောက်ကြိမ်လောက် အနည်းဆုံးလုပ်ရကြောင်း၊ တစ်ခေါက်ဆယ်ယူမှုပြုလုပ်လျှင် သုံး၊ လေးရက်ခန့်ကြာကြောင်း ပျားပင်ကျေးရွာ သားတစ်ဦးဖြစ်သူ ဦးကျော်စိန်က ရှင်းပြပါသည်။

ကန်ဝန်းကျင်လှပရေးအမြဲတမ်းဆောင်ရွက်

အင်းလေးကန်အတွင်း နေရာအတော်များများ၌ ကန်အတွင်းသို့ အမှိုက်များ ပစ်မချရန် စာဖြင့် သတိပေး ရေးသားထားသည်ကိုတွေ့ရသည်။ ပြည်တွင်း ပြည်ပခရီးသွားလာရောက်မှု များပြားလှပေရာ အမှိုက်များ စွန့်ပစ်မှုကို စနစ်တကျ မထိန်းသိမ်းနိုင်လျှင် ကန်၏ရေပြင်အလှ သဘာဝဝန်းကျင်ဂေဟစနစ်များ ပျက်စီးသွားနိုင်ပေသည်။ ထို့အတွက် အမှိုက်စွန့်ပစ်မှုနှင့်ပတ်သက်၍ စည်းကမ်းသတ်မှတ်ထားခြင်းဖြစ်သည်။ အင်းလေးကန် ဝန်းကျင်နေဒေသခံများကလည်း တတ်နိုင်သည့်အင်အားဖြင့် တစ်ဖက်တစ်လမ်းမှ အင်းလေးကန်သန့်ရှင်းရေး အမြဲတမ်းဆောင်ရွက်နေသည်ကို သိခဲ့ရသည်။

မိမိတို့ အင်းလေးကန်ဒေသဝန်းကျင်သာယာလှပရေးအတွက် မိမိတို့မှာတာဝန်ရှိသည်ဟု အဆိုပါ ဗေဒါအမှိုက်ဆယ်ယူနေသော ကျေးရွာသားများက ပြောပြပါသည်။ အင်းလေးကန်နှင့် မိုင်၂၀ ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် စီမံကိန်းကြီးကြပ်မှုကော်မတီအနေဖြင့် အဓိက လုပ်ငန်းများဖြစ်သော သဘာဝတောများထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ ထူထောင်ခြင်း၊ ကမ်းပါးပြို ထိန်းသိမ်းခြင်းနှင့် နုန်းပို့ချမှုထိန်းသိမ်းကာကွယ်ခြင်း၊ ရေပြင်ပမာဏနှင့် ရေသန့်စင်မှု ထိန်းသိမ်းခြင်း၊ အဆောက်

အင်းလေးကန်အတွင်းရှိ ကျေးရွာချင်းဆက် ရွာတံတားကိုလည်း ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

အအုံများ တိုးချဲ့တည်ဆောက်မှု ထိန်းသိမ်းခြင်း၊ သားငှက်တိရစ္ဆာန်များ ကာကွယ်ထိန်းသိမ်းခြင်း၊ လုပ်ငန်းများအပေါ် လှည့်လည်စစ်ဆေးခြင်းနှင့် ဟောပြောစည်းရုံးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြောင်း သိရသည်။ အင်းလေးကန်အတွင်း ချောင်းများမှ ပို့ချထားသော နုန်းများကို နုန်းဆယ်ရေယာဉ်များဖြင့် ဆယ်ယူနေသည်ကိုလည်း တွေ့ရသည်။

စိုက်ပျိုးရေးဖြစ်ထွန်း

အင်းလေးကန်အတွင်းရှိ ကျွန်းမျောစိုက်ခင်းများပေါ်၌ ခရမ်းချဉ်သီးပင်များ အများအပြား စိုက်ပျိုးထားသည်ကို တွေ့ရသည်။ လှေများပေါ်၌လည်း သေတ္တာဖြင့်ထည့်၍ တစ်ဖုံ၊ အိတ်ဖြင့်ထည့်၍ တစ်မျိုး ခရမ်းချဉ်သီးများ တင်ဆောင်သွားသည်ကို တွေ့ရသည်။ ရာသီအလိုက်သီးနှံများလည်း စိုက်ပျိုးကြောင်း သိရသည်။ စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းကြောင်း တွေ့ရသကဲ့သို့ အင်းလေးကန်ဝန်းကျင်ရှိ ကျေးရွာများ၌ တစ်ရွာတစ်မျိုး ထုတ်ကုန်များ ထုတ်လုပ်သည့်အပြင် ခရီးသွားလုပ်ငန်းကလည်း ဖြစ်ထွန်းလျက်ရှိနေသည်။အင်းလေးကန်ပွဲတော်ကာလ၌ ပြည်တွင်းပြည်ပ ခရီးသွားများ တည်းခိုနိုင်ရန် ရေပေါ်ဟိုတယ်များကို ခြေတံရှည် ရိုးရာအိမ်ပုံစံများဖြင့် ဆောက်လုပ်ထားသည့်အတွက် ခေတ်မီသလို အမြင်တစ်မျိုးဆန်းစွာ တွေ့မြင်ရသည်။

အောင်မြင်နိုင်မည်

အင်းလေးကန်ကား ဒေသခံတို့၏ လူမှုရေး၊ စီးပွားရေးဘဝကို များစွာအကျိုးပြုနေပေသည်။ ဤကဲ့သို့ အကျိုးပြုနေသဖြင့် အင်းလေးကန်နှင့် အင်းလေးပတ်ဝန်းကျင် အမြဲစိမ်းလန်း လှပသာယာအောင် ထိန်းသိမ်းဆောင်ရွက်ရမည်မှာ ဒေသနေသူတို့၏ တာဝန်ပင်ဖြစ်သည်။ တစ်ယောက်အားဖြင့်မရသော် စုပေါင်းအားဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။ စုပေါင်းအားဖြင့် ဆောင်ရွက်ပါက အင်းလေးကန်ဝန်းကျင် စိမ်းလန်းသာယာရေး အောင်မြင်နိုင်မည် ဖြစ်ပါသည်။

ညောင်ရွှေမြို့နယ် အင်းလေးကန်အတွင်းမှ ကျွန်းမျောစိုက်ခင်း တစ်စိတ်တစ်ဒေသ....။ (မြန်မာ့အလင်း)

သတင်းအဖွဲ့အနေဖြင့် အင်းလေးကန်ဝန်းကျင်၌ သတင်းရယူဆောင်ရွက်ပြီး ပြန်လာချိန်တွင် ညနေစောင်းလေပြီ။ နေမင်းကြီးက ရှမ်းရိုးမတောင်တန်းကို မေးတင်၍ တဖြည်းဖြည်းဝင်ရောက်ပျောက်ကွယ်သွားသည်ကို လှေပေါ်မှ ကြည့်ရှုရသည်မှာ စိတ်ထဲကြည်နူးစရာ ဖြစ်မိသလို နောက်တစ်နေ့နံနက် ထွက်ပြူစနေမင်းနှင့်အတူ လုပ်ရှားရုန်းကန် ကြိုးစားနေကြမည့် အင်းသားအင်းသူ တိုင်းရင်းသားတို့၏ အားမာန်တို့ကိုလည်း မြင်ယောင်မိသည်။

စိမ်းလန်းစိုပြည်

ကမ္ဘာမြေတည်သရွေ့ မြန်မာပြည်တည်နေမည်ဖြစ်ရာ မြန်မာ့မြေပေါ်မှ အလှတရားတစ်ခုဖြစ်သည့် အင်းလေးကန်နှင့် ဝန်းကျင် ဒေသများကလည်း အမြဲထာဝရ စိမ်းလန်းစိုပြည် သာယာလှပနေမည်ဟု ယုံကြည်မိပါကြောင်း အင်းလေးကန် ဝန်းကျင်တစ်ဝိုက် သတင်းခရီးတစ်ထောက်တွေ့မြင်မိသမျှဖောက်သည်ချလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၅-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော် အာဠ္ဌာနာဠ္ဌိယသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**သီလခန်း** တရားတော် (ဆရာတော် ဘဒ္ဒန္တကဥ္စနသာရ)
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၈)
၈း၃၀	Art Talk (ပန်းချီဆရာ ဦးခင်မောင်ဗိုလ်နှင့် တွေ့ဆုံခြင်း)
၉း၁၀	ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ
၉း၂၀	သဖန်းဆိပ် ဘက်စုံရေလှောင်တမံ
၉း၃၀	တေးဂီတအစီအစဉ်
၉း၅၀	မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
၁၀း၀၀	Science Tech Today
၁၀း၁၅	VJ Choice
၁၀း၄၀	ပန်းချီပြခန်း (Step by Step)
၁၀း၅၀	မဟူရာပွင့်ရဲ့ Landscaping
၁၁း၀၀	ဖက်ရှင်လမ်းညွှန် (လှပတော်ဝင်ရတနာ ဒီဇိုင်းဖက်ရှင်)
၁၁း၂၀	မြို့ပြအတွင်းနေထိုင်မှုဟန်
၁၁း၃၅	သူတို့ပြောတဲ့သူတို့အကြောင်း သရုပ်ဆောင် ကြည်သာ(ပွဲကြိုက်ခင်) နှင့် တွေ့ဆုံခြင်း(အပိုင်း-၂)
၁၂း၁၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၂း၂၀	အမှောင်ခွင်းလို့ အလင်းဆောင်ခဲ့တယ် ရခိုင်တို့ဒေသ အမ်းမြို့နယ် (အပိုင်း-၁)
၁၂း၄၅	ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ ....
၁း၀၀	**သီလခန်း** တရားတော် (ဆရာတော် ဘဒ္ဒန္တကဥ္စနသာရ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	Worlds of Knowledge (Situation Critical; Hell on High Water)
၃း၃၀	မင်းကွန်းရိုးရာလက်မှုအနုပညာ
၃း၅၀	သာယာရွှေပြည်တို့နေပြည် ဖြိုးငွေစိုး၊ အောင်ရဲလင်း၊ မော့စ်၊ ဗေလုဝ၊ ဇင်ဇင်ဇော်မြင့် (ဒါရိုက်တာထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်)
၄း၃၅	လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် သိမှတ်စရာအဖြာဖြာ
၄း၄၅	Science Tech Today
၅း၀၀	Art Talk (ပန်းချီဆရာ ဦးခင်မောင်ဗိုလ်နှင့် တွေ့ဆုံခြင်း)
၅း၄၀	Sports World (Barcelona Ladies Tennis Open 2009)
၆း၀၀	MRTV-4 သတင်း
၆း၁၅	သူတို့ပြောတဲ့သူတို့အကြောင်း သရုပ်ဆောင် ကြည်သာ(ပွဲကြိုက်ခင်) နှင့် တွေ့ဆုံခြင်း (အပိုင်း-၂)
၆း၄၅	Worlds of Knowledge (Situation Critical; Hell on High Water)
၇း၃၅	အမှောင်ခွင်းလို့ အလင်းဆောင်ခဲ့တယ် ရခိုင်တို့ဒေသ အမ်းမြို့နယ် (အပိုင်း-၁)
၈း၀၀	MRTV-4 သတင်း
၈း၁၅	Activities in the City ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ထီးတော်တင်ပွဲ
၈း၂၅	အရည်အသွေးတို့၏ အစပထမ
၈း၃၀	VJ Choice
၉း၀၀	Sports World (Barcelona Ladies Tennis Open 2009)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၈)
၁၀း၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၁း၄၅	တေးဂီတအစီအစဉ်
၁၂း၀၀	အရည်အသွေးတို့၏ အစပထမ
၁၂း၁၀	ဖက်ရှင်လမ်းညွှန် (လှပတော်ဝင်ရတနာ ဒီဇိုင်းဖက်ရှင်)
၁၂း၃၀	တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (စိတ်အပန်းဖြေစရာ အလှမွေးငါးကဏ္ဍ)
၁၂း၄၅	ရွှေတောင်စက်ရုံစွမ်းပကား စက်မှု(၁)ရဲ့အား
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဝန်ကြီး ဦးဉာဏ်ဝင်းအား ခင်မင်ရင်းနှီးစွာဆွေးနွေး

ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်နိုင်ငံသားတစ်ဦးတို့၏ ကိစ္စရပ်မှာ မြန်မာနိုင်ငံအစိုးရက ဖန်တီးခဲ့ခြင်းမဟုတ်ဘဲ တစ်ဖက်မှဖန်တီးခဲ့သည့်ကိစ္စရပ်ဖြစ် ယင်းကိစ္စကို တရားမျှတစွာဖြင့် တရားဥပဒေအရသာ ဆောင်ရွက်သွားမည်

နေပြည်တော် မေ ၂၁

မေ ၁၈ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟီရိုဖုမိနာကာဆိုနဲက နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား တယ်လီဖုန်းဖြင့် ဆက်သွယ်လာပြီး မြန်မာနိုင်ငံတွင် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အပြန်အလှန် ဆွေးနွေးပြောကြားခဲ့သည်။

ယင်းသို့ ဆက်သွယ်ဆွေးနွေးရာတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဒေါ်အောင်ဆန်းစုကြည်အား မကြာမီက တရားစွဲဆိုမှုနှင့်ပတ်သက်၍ ၄င်းအနေဖြင့် စိုးရိမ်ပူပန်မိကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းကြောင့် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ၏ အမြင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ၌ ၂၀၁၀ ပြည့်နှစ်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အပေါ်တွင်လည်းကောင်း ထိခိုက်လာမည်ကို စိုးရိမ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ မကြာမီက ကျန်းမာရေးအခြေအနေ ကောင်းမွန်ခြင်းမရှိဟု ကြားသိရသဖြင့် လူသားချင်းစာနာထောက်ထားရေးရှုထောင့်မှလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ပါကြောင်း၊ ယင်းကိစ္စမှာ မြန်မာနိုင်ငံ၏ ပြည်တွင်းတရားစီရင်ရေး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော်လည်း နိုင်ငံတကာအသိုင်းအဝန်း၏ သဘောထားအမြင်များကိုလည်း အလေးပေးစဉ်းစား၍ သင့်လျော်ကောင်းမွန်သည့်နည်းလမ်းဖြင့် ဆောင်ရွက်သွားပါရန် တိုက်တွန်းပါကြောင်း၊ ထို့အပြင် လက်ရှိကာလမှာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေးလုပ်ငန်းစဉ်အတွက် အလွန်အရေးကြီးဆုံးအချိန်လည်းဖြစ်နေသည့် အလျောက် အဆိုပါလုပ်ငန်းစဉ်မှာလည်း နိုင်ငံတကာအသိုင်းအဝန်းက လေးစားလောက်သည့် အနေအထားပုံစံမျိုးဖြင့် တိုးတက်ဖြစ်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

အချိန်ကိုက်ဖန်တီးမှု

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ပြန်လည်ပြောကြားရာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်နိုင်ငံသားတစ်ဦးတို့၏ကိစ္စရပ်မှာ တစ်ဖက်မှဖန်တီးခဲ့သည့် ကိစ္စရပ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအစိုးရက ဖန်တီးခဲ့ခြင်းမဟုတ်ပါကြောင်း၊ ယင်းကိစ္စကို တရားမျှတစွာဖြင့် တရားဥပဒေအရသာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် တရားဥပဒေဘောင်အတွင်းမှ ရင်ဆိုင်နိုင်ရန်နှင့် ခုခံကာကွယ်နိုင်ရန် ရှေ့နေများနှင့် ဆောင်ရွက်ခွင့်ပေးထားပါကြောင်း၊ အမေရိကန်နိုင်ငံသားအတွက်လည်း တရားဥပဒေနှင့်အညီ ရှေ့နေငှားရမ်းခွင့်ပြုထားကာ ဗီယင်နာကွန်ဗင်းရှင်းနှင့်အညီ ကောင်စစ်ဆိုင်ရာတွေ့ဆုံမှုများကို ခွင့်ပြုထားပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အား တရားဥပဒေအရ မည်ကဲ့သို့ အရေးယူမည်ဆိုသည်ကို မိမိအနေဖြင့် ပြောကြားနိုင်ခြင်းမရှိပါကြောင်း၊ သက်ဆိုင်ရာတရားရုံးမှ တရားဥပဒေနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအတွက်လည်းကောင်း၊ အမေရိကန်နိုင်ငံသား၏ ကျန်းမာရေးအတွက်လည်းကောင်း၊ အထူးကုဆရာဝန်များ စီစဉ်ထားရှိပေးထားပြီး နှစ်ဦးစလုံး ကျန်းမာရေးအခြေအနေကောင်းမွန်ပါကြောင်း၊ မိမိတို့အနေဖြင့် အမေရိကန်၊ ဂျပန်နှင့် ဥရောပနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံမှုများအပြုသဘောဖြစ်ထွန်းစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုဖြစ်စဉ်နှင့်ပတ်သက်၍ မိမိထင်မြင်ယူဆချက်ကို ပြောကြားရပါက အမေရိကန်၊ ဂျပန်နှင့် ဥရောပနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအပေါ် မူဝါဒရေးရာဆိုင်ရာ ပြန်လည်သုံးသပ်မှုများ ပြုလုပ်လျက်ရှိချိန်တွင် ၄င်းနိုင်ငံများမှ မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်သည့် သဘောထားပြောင်းလဲမည်ကို မလိုလားသည့် ပြည်တွင်း ပြည်ပဆန့်ကျင်ဘက် အဖွဲ့အစည်းများက မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ ဖိအားပေးမှုများ တိုးမြှင့်ပြုလုပ်စေရန်အတွက် အချိန်ကိုက်ဖန်တီးမှုတစ်ရပ် ဖြစ်နိုင်ပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

(သတင်းစဉ်)

ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် အမေရိကန်နိုင်ငံသား Mr.John William Yettaw တို့အပေါ် စွဲဆိုထားသည့်အမှု စတုတ္ထနေ့အဖြစ် ဆက်လက်စစ်ဆေးကြားနာ

နေပြည်တော် မေ ၂၁

ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် အမေရိကန်နိုင်ငံသား Mr. John William Yettaw တို့အပေါ် စွဲဆိုထားသည့် ရန်ကုန်မြောက်ပိုင်း ခရိုင်တရားရုံး၏ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၄၇/၂၀၀၉ အမှုကို ယနေ့ စတုတ္ထနေ့အဖြစ် ဆက်လက်စစ်ဆေးကြားနာသည်။

ရှင်းလင်းဖြေဆို

ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇/ ၂၀၀၉ အမှုတွင် ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေ ဦးဉာဏ်ဝင်းက တရားလိုပြသက်သေ ဒုတိယရဲမှူးတင်ဇော်ထွန်းအား ပြန်လှန်စစ်မေးသည်ကို ဖြေကြားရာတွင် မေ ၇ရက် နံနက် ၇နာရီ မိနစ် ၂၀တွင် ဒေါ်အောင်ဆန်းစုကြည်နေအိမ်သို့ ရောက်ရှိကြောင်း၊ Mr. John William Yettaw ကျန်ရစ်ခဲ့သည့် ပစ္စည်းများကို ရှာဖွေသိမ်းဆည်းရန်နှင့် Mr. John William Yettaw ရောက်ရှိရသည့် အကြောင်း စုံစမ်းစစ်ဆေးရန်အတွက်ဖြစ်ကြောင်း၊ မိမိ ပစ္စည်းရှာဖွေသိမ်းဆည်းစဉ် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်ဝင်းမမတို့က အနှောင့်အယှက်ပေးခဲ့ခြင်း မရှိကြောင်း၊ သက်သေခံပစ္စည်း မွတ်ဆလင်အမျိုးသမီးဝတ်စုံနှစ်စုံကို ရုံးရှေ့တွင် ဝတ်ဆင်ပြသကဲ့သို့ မိမိအနေဖြင့် ဝတ်ဆင်ခိုင်းကြည့်ပါသေးသလားဆိုလျှင် ဝတ်ဆင်ကြည့်ခိုင်းပါကြောင်း၊ ဓာတ်ပုံမှတ်တမ်းလည်း ရိုက်ထားပါကြောင်းဖြင့် ဒုတိယရဲမှူးတင်ဇော်ထွန်းက ရှင်းလင်းဖြေဆိုသည်။

ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်ဝင်းမမတို့၏ ရှေ့နေ ဦးလှမျိုးမြင့်က ပြန်လှန်စစ်မေးရာတွင် ဆက်လက်တားဆီးမိန့် သက်သေခံ(ခ-၂) အရ ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့စခန်းအနေဖြင့် အခင်းဖြစ်သည့်နေရာ တစ်ခုလုံးအတွက် လုံခြုံရေးတာဝန်ယူရသည်ဆိုလျှင် သီးခြားအဖွဲ့အစည်းများက အဓိကလုံခြုံရေးတာဝန်ယူပါသည်ဟု ရှင်းလင်းဖြေဆိုသည်။

လက်ဆောင်ပေးခဲ့

Mr.John William Yettaw ၏ ရှေ့နေ ဦးခင်မောင်ဦးက ပြန်လှန်စစ်မေးသည်ကို ဖြေဆိုရာတွင် သက်သေခံပစ္စည်း မွတ်ဆလင် အမျိုးသမီးဝတ်သည့် ဝတ်စုံနှစ်စုံဟု ဘာကြောင့်ပြောနိုင်ပါသလဲဆိုလျှင် မွတ်ဆလင်အမျိုးသမီးများ အများဆုံးဝတ်သည့် ဝတ်စုံဖြစ်၍ ပြောခြင်းဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က ယင်းဝတ်စုံနှစ်စုံမှာ လက်ဆောင်ပေးခဲ့ခြင်းသာဖြစ်သည်ဟု ပြောကြောင်း ဒုတိယရဲမှူးတင်ဇော်ထွန်းက ရှင်းလင်းထွက်ဆိုသည်။

ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၄၇/၂၀၀၉ အမှုမှ တရားလိုပြ သက်သေ ဦးဇော်တင်ကို ဆက်လက်စစ်ဆေးရာတွင် ဦးဇော်တင်က ၄င်းသည် ဗဟန်းမြို့နယ် ငါးထပ်ကြီးရပ်ကွက်တွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်သူဖြစ်ကြောင်း၊ မေ ၇ရက် နံနက် ၅ နာရီခန့်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးကခေါ်သဖြင့် မိမိသွားရောက်ခဲ့ကြောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဇော်ထွန်းနှင့် တွေ့ရှိခဲ့ကြောင်း၊ နံနက် ၅ နာရီခွဲခန့်တွင် မိမိနှင့် ကျိုက္ကဆံရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ညွန့်တို့သည် ဒုတိယရဲမှူးတင်ဇော်ထွန်းတို့နှင့်အတူ လိုက်ပါသွားခဲ့ကြောင်း၊ တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ ရောက်ရှိကြောင်း၊ ဒုတိယရဲမှူးတင်ဇော်ထွန်းက နေအိမ်အတွင်းသို့ ဝင်ခွင့်ရရှိရေးအတွက် ဆက်သွယ်ပြောကြားပြီးနောက် ဝင်ခွင့်ရသဖြင့် ဝင်ရောက်ခဲ့ကြောင်း၊ ဒုတိယရဲမှူးတင်ဇော်ထွန်းက ဒေါ်အောင်ဆန်းစုကြည်အား ဓာတ်ပုံကိုပြသကာ သိပါသလားဟု မေးကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က သိပါသည်ဟု ပြန်ပြောကြောင်း၊ ထိုနိုင်ငံခြားသား ကျန်ရစ်သည့် ပစ္စည်းများကို ဒေါ်အောင်ဆန်းစုကြည်က အမျိုးသမီးငယ်တစ်ဦးအား သွားရောက်ယူခိုင်းကြောင်း၊ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်က တရားစာအုပ်တစ်အုပ် ကျန်ရှိသေးကြောင်း ပြောပြီး အိမ်ပေါ်ထပ်သို့ တက်ရောက်ယူပေးကြောင်း၊ ထိုကဲ့သို့ ရှာဖွေသိမ်းဆည်းသော ပစ္စည်းများကို မိမိတို့၏ရှေ့မှောက်တွင်ပင် ရေတွက်ရေးသားကြောင်း၊ ပစ္စည်းအရေအတွက်မှာ ၂၃ မျိုးဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံခြားသား တည်းခိုခဲ့သည့် အခန်းကိုလည်း ပြသပေးကြောင်းစသည်ဖြင့် ဒုတိယရဲမှူးတင်ဇော်ထွန်း၏ ထွက်ဆိုချက်များကို ထောက်ခံထွက်ဆိုသွားကြောင်း သိရှိရသည်။

လက်မှတ်ရေးထိုး

ဆက်လက်၍ တရားလိုပြသက်သေ ဗျူးတီးလဲန်း(၂)ဟိုတယ်မန်နေဂျာ ဦးကျော်သူအားစစ်ဆေးရာတွင် ရန်ကုန်မြို့ ဗျူးတီးလဲန်း(၂)ဟိုတယ်သည် အမှတ်(၁၈၈/၁၉၂) (၃၃) လမ်း ကျောက်တံတားမြို့နယ်တွင်ရှိကြောင်း၊ မိမိတို့ဟိုတယ်တွင် Mr. John William Yettaw သည် နှစ်ကြိမ်တည်းခိုဖူးကြောင်း၊ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၇ ရက်မှစတင်၍ ဒီဇင်ဘာ ၃ရက်အထိ တစ်ကြိမ်နှင့် နောက်တစ်ကြိမ်တွင် မေ ၂ရက်မှစတင်၍ တည်းခိုကြောင်း၊ Mr. John William Yettaw သည် မိမိတို့ဟိုတယ်၌ တစ်ရက်တည်းပြီး နောက်တစ်နေ့တွင် ငါးရက်စာအတွက် ကြိုတင်ငွေပေးသွင်းထားကြောင်း၊ ၄င်းသည် မေ ၃ ရက် ည ၁၀ နာရီခန့်တွင် ဟိုတယ်အခန်းသော့ကိုအပ်၍ သူငယ်ချင်းတစ်ဦးထံ သွားရောက်အိပ်မည်ဆိုပြီး ထွက်သွားကြောင်း၊ မေ ၄ ရက်နှင့် ၅ ရက်များတွင်လည်း လာရောက်အိပ်ခြင်းမရှိတော့ကြောင်း၊ မေ ၆ရက် နံနက် ၁၀ နာရီကျော်ခန့်တွင် ဒုတိယရဲမှူး စကျော်ဝင်းနှင့် သက်သေလူကြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသိန်း၊ ရာအိမ်မှူးဦးဌေးဦးတို့ ရောက်ရှိလာသဖြင့် Mr. John William Yettaw တည်းခိုနေသည့်အခန်းသော့ကို ကောင်တာမှယူ၍ မိမိလိုက်ပြရကြောင်း၊ ထိုအခန်းအတွင်း၌ အဝတ်စင်ပေါ်တွင် အဝတ်အစားအချို့နှင့်အတူ အိတ်ကြီးတစ်လုံးလည်း တွေ့ရှိရကြောင်း၊ ထိုအိတ်ထဲမှ ပစ္စည်းများအပါအဝင် အခန်းအတွင်းရှိ ပစ္စည်းအားလုံး ၆၁ မျိုး တွေ့ရှိရကြောင်း၊ ထိုပစ္စည်းများကို အပ်ပေးသူအဖြစ် ရှာဖွေပုံစံ၌ လက်မှတ်ရေးထိုးပေးရကြောင်း၊ ထိုနေ့ညနေ ၆ နာရီ မိနစ် ၂၀ ခန့်တွင် ဒုတိယရဲမှူးစကျော်ဝင်းတို့အဖွဲ့ ဟိုတယ်သို့ ပြန်လည်ရောက်ရှိလာပြီး Mr.John William Yettaw တည်းခိုသည့်အခန်းကို ထပ်မံကြည့်ရှုရှာဖွေလိုသည်ဟု ပြောကြောင်း၊ မိမိက ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးသိန်း၊ ရာအိမ်မှူး ဦးဌေးဦးတို့အပါအဝင် လိုက်ပို့ပေးရကြောင်း၊ Mr.John William Yettaw ၏ပြောစကားအရ တယ်လီဖုန်းလမ်းညွှန်စာအုပ်ထဲတွင် ဒေါ်လာ ၃၀၀ ညှပ်ထားသည်ဟုပြော၍ လာကြည့်ခြင်းဖြစ်ကြောင်း၊ တယ်လီဖုန်းလမ်းညွှန်စာအုပ် အဖုံးအတွင်း ဒေါ်လာ ၁၀၀တန် သုံးရွက်တွေ့ရှိရသဖြင့် မိမိက အပ်ပေးသူအဖြစ် သက်သေများရှေ့တွင် ရှာဖွေပုံစံပေါ်၌ လက်မှတ်ရေးထိုးပေးရကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

ဝင်ရောက်ခွင့်ရရှိ

တရားလိုပြသက်သေ ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ညွန့်ကို ဆက်လက်စစ်ဆေးရာ မေ ၇ ရက် နံနက် ၅နာရီခွဲခန့်တွင် ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဇော်ထွန်းနှင့်အတူ ဦးဇော်တင် လိုက်ပါလျက် တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ရောက်ရှိခဲ့ကြောင်း၊ နံနက် ၇နာရီ မိနစ်၂၀ခန့်တွင် ဒေါ်အောင်ဆန်းစုကြည်အိမ်အတွင်း ဝင်ရောက်ခွင့်ရရှိခဲ့ကြောင်း၊ ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဇော်ထွန်းက စာရွက်တစ်ရွက်နှင့် ဓာတ်ပုံတစ်ပုံကိုပြသ၍ ဓာတ်ပုံထဲကလူကို သိပါသလားဟုမေးရာ ဒေါ်အောင်ဆန်းစုကြည်က သိပါကြောင်းနှင့် ၄င်းနိုင်ငံခြားသားကျန်ရစ်သောပစ္စည်းများ ဤအိမ်တွင်ရှိပါသလားဟုမေးရာ ဒေါ်အောင်ဆန်းစုကြည်က ရှိပါသည်ဟုပြောကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံခြားသားကျန်ရစ်ခဲ့သောပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း၊ ယင်းပစ္စည်းများကို ရှာဖွေပုံစံပြုလုပ်၍ သိမ်းဆည်းခဲ့ကြောင်း၊ ပစ္စည်း ၂၃ မျိုးရှိကြောင်း၊ မိမိမှတ်မိသမျှမှာ မွတ်ဆလင်အမျိုးသမီးများဝတ်ဆင်လေ့ရှိသော အမည်းရောင်အင်္ကျီနှစ်ထည်၊ စကတ်နှစ်ထည်၊ မျက်နှာအုပ်ပဝါ နှစ်ထည်၊ မျက်မှန်သုံးလက်၊ အနီရောင်လက်နှိပ် ဓာတ်မီးတစ်လက်အစရှိသည့် ၂၃မျိုး တွေ့ရှိရပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က ယင်းပစ္စည်းများနှင့်စပ်လျဉ်း၍ မိမိတွင် တာဝန်ရှိပါသည်ဆိုပြီး ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးပေးကြောင်း၊ ဒုတိယရဲမှူးတင်ဇော်ထွန်းက သိမ်းဆည်းသောပစ္စည်းများအနက် ဒါဘယ်သူ့ပစ္စည်းလဲဟုမေးရာ ဒေါ်အောင်ဆန်းစုကြည်က မိမိကိုလက်ဆောင်ပေးသွားသောပစ္စည်းဖြစ်ပါသည်ဟုပြောကြောင်း၊ မေ ၁၂ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် မိမိတို့သည် ဒုတိယရဲမှူးသန်းစိုး၏ အကူအညီတောင်းခံချက်အရ ဒေါ်အောင်ဆန်းစုကြည်၏ အိမ်ရှေ့သို့ ချိန်းဆို၍ သွားရောက်ခဲ့ကြောင်း၊ မွန်းလွဲ ၁နာရီခန့်တွင် ခြံအတွင်းသို့ မိမိတို့အားလုံး ဝင်ခွင့်ရခဲ့ကြောင်း၊ မိမိတို့ဝင်ရောက်ချိန်တွင် ဒေါ်ဝင်းမမက ပစ္စည်းများထုတ်၍ ထွက်လာချိန်နှင့် အဝင်ဝ၌တွေ့ရှိကြောင်း၊ မိမိမှတ်မိသမျှ ခေါင်းအုံး၊ ခေါင်းအုံးစွပ်၊ ပန်းကန်ပြားအဖြူတစ်ချပ်၊ ဇွန်းခက်ရင်း တစ်စုံ၊ ပုဆိုးနှစ်ထည်၊ တီရှပ်တစ်ထည်၊ မျက်နှာသုတ်စောင်အကြီး လေးထည်တို့ဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က အဆိုပါပစ္စည်းများမှာ နိုင်ငံခြားသားရောက်ရှိစဉ် အသုံးပြုသွားသော ပစ္စည်းများဖြစ်သည်ဟု ပြောဆိုပေးအပ်ကြောင်း စသည်ဖြင့် ထွက်ဆိုသည်။

တင်ပြထွက်ဆို

တရားလိုပြသက်သေ ရဲမှူး အောင်ထွဋ်ကျော်အား ဆက်လက်စစ်ဆေးရာ ၄င်းသည် သတင်းတပ်ဖွဲ့ ပြည်ပရေးရာဌာန ကွန်ပျူတာဌာနတွင် တာဝန်ခံအဖြစ် ဆောင်ရွက်နေသူဖြစ်ကြောင်း၊ ဒုတိယရဲမှူးမောင်မောင်မြင့်က Mr. John William Yettaw ၏ ပစ္စည်းများဟုဆိုသော ပစ္စည်းများကို မိမိထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ ယင်းပစ္စည်းများမှာ ကင်နွန်အမျိုးအစားကင်မရာတစ်လုံးနှင့် Memory Card ခြောက်ခုတို့ဖြစ်ကြောင်း၊ ၄င်းတို့အနက် Memory Card နှစ်ခုတွင် ဓာတ်ပုံ ၃၃၁ ပုံနှင့် အမေရိကန်နိုင်ငံသား Mr. John William Yettaw က ဒေါ်အောင်ဆန်းစုကြည်နေအိမ်အတွင်း၌ မိမိကိုယ်ကိုရိုက်ကူးထားသည့် ရုပ်/သံဗီဒီယိုဖိုင်တစ်ဖိုင်တို့အား တွေ့ရှိရကြောင်း၊ ယင်း ရုပ်/သံဗီဒီယိုဖိုင်နှင့် ဓာတ်ပုံများမှာ ရေကူးရာတွင်အသုံးပြုသည့် ပုံချဲ့ထားသော ဖားဖိနပ်ပုံ၊ ရေကူးရာတွင်ဖားဖိနပ်အဖြစ် အဆင့်ဆင့်ပြုလုပ်ပုံ၊ Mr. John William Yettaw က ၄င်း၏ခြေထောက်တွင် စမ်းသပ်ဝတ်ဆင်ပုံ၊ Mr. John William Yettaw ရုပ်ဖျက်ထားသောပုံ၊ ဒေါ်အောင်ဆန်းစုကြည် အိမ်အတွင်းရှိ အောက်ထပ်ဧည့်ခန်းပုံနှင့် ဧည့်ခန်းအတွင်းရှိဓာတ်ပုံများကို ရိုက်ကူးထားသည့်ပုံများတို့ဖြစ်သည်ကို တွေ့ရကြောင်း၊ Mr. John William Yettaw က ညအချိန်တွင် ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ ရောက်ရှိစဉ်က ရိုက်ကူးထားသောပုံ၊ ဒေါ်အောင်ဆန်းစုကြည်၏အိမ်အတွင်းသို့ ရောက်ရှိနေကြောင်း၊ မိမိကိုယ်မိမိ မှတ်တမ်းတင်ထားသောပုံများကိုလည်း တွေ့ရှိရကြောင်း၊ ယင်းပုံများကို ရုံးရှေ့တွင် ကွန်ပျူတာဖြင့်တင်ပြပါကြောင်း၊ ဗီဒီယိုမှတ်တမ်းပါအသံများမှာ "ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ ရောက်ရှိနေပါတယ်၊ သူမ၏ဓာတ်ပုံကို ရိုက်လိုကြောင်း ခွင့်တောင်းပါတယ်၊ You Tube Website မှာ တင်ချင်လို့ပါ၊ ဒါပေမယ့် သူမက ငြင်းဆန်ပါတယ်၊ သူမ စိုးရိမ်ထိတ်လန့်နေလို့ ငြင်းဆန်တယ်လို့ထင်ပါတယ်၊ လွန်ခဲ့သည့် နိုဝင်ဘာ ၃၀ရက် ၂၀၀၈ခုနှစ်က ကျွန်တော် သူမကိုအခက်အခဲတွေဖြစ်အောင် မျိုးစုံလုပ်ခဲ့ပြီးပါပြီ၊ ကျွန်တော်မိသားစုကို ထားခဲ့ပါတယ်၊ ကျွန်တော်နှင့်အတူ ဘုရားသခင်ရှိပြီး ကျွန်တော့်ကို ကာကွယ်စောင့်ရှောက်လိမ့်မည်ဟု ယုံကြည်ပါတယ်၊ ကျွန်တော် ဒေါ်အောင်ဆန်းစုကြည်ကို လေးစားပါတယ်၊ သူမဓာတ်ပုံကို ကျွန်တော့်အား ပေးမရိုက်သည့်အတွက်လည်း ကျွန်တော်အပြစ်မတင်ပါဘူး၊ ရှေ့လျှောက်မှာ သူမအနေဖြင့် အခက်အခဲတွေအများကြီးကြုံရဦးမှာပါ၊ အဲဒီအချိန်မှာ ကျွန်တော်သူမကို ကူညီနိုင်ပါစေလို့ ဆုတောင်းပါတယ်၊ ကျွန်တော်မနေ့ကလည်း ဒီအိမ်မှာပဲ အိပ်ခဲ့ပါတယ်၊ ဒီနေ့ဟာ မေလ ၆ ရက်နေ့ဖြစ်ပါတယ်၊ မနေ့ညတစ်ညလုံးက ကျွန်တော် ထိုင်းနိုင်ငံဘက်ကို အမြန်ဆုံးပြန်သွားနိုင်ဖို့ မျှော်လင့်နေမိပါတယ်၊ ကျွန်တော် ဒီမှာနေခဲ့ရတာကို အများကြီးဂုဏ်ယူဝမ်းသာမိပါတယ်" ဟူ၍ အင်္ဂလိပ်ဘာသာဖြင့် ပြောကြားသည့်အသံကို ဘာသာပြန်၏ ဘာသာပြန်ဆိုပေးချက်အရ သိရှိရကြောင်း စသည်ဖြင့် ကွန်ပျူတာပရိုဂျက်တာဖြင့် တင်ပြထွက်ဆိုသွားကြောင်း သိရှိရသည်။

ကျန်တရားလိုပြ သက်သေများအား ဆက်လက်စစ်ဆေးရန်အတွက် မေ ၂၂ ရက် နံနက် ၁၀နာရီသို့ ချိန်းဆိုလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးတွေ့ဆုံ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပုဏ္ဏားကျွန်း ဘူတာ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်သည် ပုဏ္ဏားကျွန်း ဘူတာ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဆွေးနွေးမှာကြားရာတွင် မိမိတို့ နိုင်ငံသည် ကိုလိုနီနယ်ချဲ့များက ရည်ရွယ်ချက်ရှိရှိဖြင့် စတင်မွေးခဲ့သည့် လူမျိုးစွဲ၊ ဒေသစွဲ သံသယစိတ်များကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲပြီး နိုင်ငံဖွံ့ဖြိုး တိုးတက်မှု နှစ်ပေါင်းများစွာ နောက်ကျခဲ့ရကြောင်း။

ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

ယနေ့ အချိန်သည် အဆိုပါ သံသယစိတ်များကို အပြီးတိုင် ငြိမ်းသတ်၍ နိုင်ငံ၏ ရေမြေသယံဇာတများအား လူ့စွမ်းအားအရင်းအမြစ်များနှင့် ပေါင်းစပ်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည့်အချိန် ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ကတည်ဆောက်ထားပြီး ဖြစ်သည့် အခြေခံအဆောက်အအုံကောင်းများနှင့်လူ့စွမ်းအားအရင်းအမြစ်များ၊ပတ်ဝန်းကျင်ကောင်းများကို ထိထိရောက်ရောက်အသုံးချလုပ်ကိုင်သွားကြရန်လိုအပ်ကြောင်း။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသစွဲ၊ လူမျိုးစွဲများကို ပယ်ဖျောက်၍ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးပြီး စီးပွားရေးအမြင်ရှိရှိဖြင့် ပေါင်းစပ်လုပ်ကိုင် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်းဖြင့် အသေးစိတ်ရှင်းလင်းမှာကြားသည်။

တင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ပုဏ္ဏားကျွန်းဘူတာ ရှင်းလင်းဆောင်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက စစ်တွေ-အမ်း-မင်းဘူး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

စစ်တွေ-အမ်း-မင်းဘူး ရထားလမ်းသည် စုစုပေါင်း ၂၅၇မိုင်ရှည်လျားပြီး ရထားလမ်းပိုင်းများအနေဖြင့် စစ်တွေ-ပုဏ္ဏားကျွန်း ၂၆မိုင်၊ ပုဏ္ဏားကျွန်း-ကျောက်တော် ၃၄မိုင်၊ ကျောက်တော်-မြောက်ဦး ၂၃မိုင်၊ မြောက်ဦး-မင်းပြား ၁၆မိုင်၊ မင်းပြား-အမ်း ၇၆မိုင်၊ အမ်း-ပဒန်း ၅၄မိုင်၊ ပဒန်း-မင်းဘူး ၂၈မိုင် ရှိသည်။

စစ်တွေလေဆိပ် လေယာဉ်ပြေးလမ်း အဆင့်ဆင့်သော တိုးချဲ့တည်ဆောက် ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်ခဲ့ စီမံကိန်းရည်မှန်းချက်အတိုင်း အလေးချိန်ပေါင် ၇၃၀၀၀ ရှိ အက်ဖ် (၂၈)လေယာဉ်များ ဆင်းတက်နိုင်ပြီ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့ မင်းဂံရပ်ကွက် ကန်တော်ကြီးရှင်းလင်းဆောင်၌ သင်းဝင်စေ့(အဆန်)မှ ဇီဝလောင်စာဆီ ထုတ်လုပ်မှုအဆင့်ဆင့် သရုပ်ပြပွဲသို့ ရောက်ရှိကြသည်။

ကြည့်ရှု

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် သင်းဝင်ပင်၊ သင်းဝင်သီး၊ သင်းဝင်စေ့၊ သင်းဝင်စေ့ ပထမကြိတ်ဖတ်၊ ဒုတိယကြိတ်ဖတ်များ၊ သင်းဝင်စေ့ဆီကြမ်းများနှင့် သင်းဝင်ဇီဝလောင်စာဆီ ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်းဝင်ဇီဝလောင်စာဆီကို အသုံးပြု၍ ရေနွေးအိုးတည်ခြင်း၊ မီးထွန်းခြင်း၊ ဟင်းချက်ပြသခြင်း၊ လက်တွန်းထွန်စက်များ မောင်းနှင်ခြင်းတို့ကို ကြည့်ရှုကြသည်။

တက်ရောက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ စစ်တွေလေဆိပ်သို့ ရောက်ရှိကြပြီး စစ်တွေလေဆိပ် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ခြင်းပြီးမြောက်သည့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်တွေလေဆိပ် လေယာဉ်ပြေးလမ်းကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စစ်တွေမြို့နယ် ကြို့တဲကျေးရွာ "ပညာ့စမ်းရေတွင်း" ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စစ်တွေမြို့နယ် ကြို့တဲကျေးရွာ "ပညာ့စမ်းရေတွင်း" ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အတွင်း စာပေဖတ်ရှုလေ့လာကြသူများအား နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပုဏ္ဏားကျွန်းမြို့အဝင် တောင်ပေါက်စေတီအနီး၌ ဖောက်လုပ်ထားသည့် ရထားလမ်း မြေသားလုပ်ငန်း ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကမ္ပည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက ကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များကို ပက်ဖျန်းပေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စစ်တွေလေဆိပ်ဧည့်ခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက စစ်တွေလေယာဉ်ကွင်း တည်နေရာ၊ နောက်ခံသမိုင်း၊ လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ဆင်းတက်နိုင်

စစ်တွေလေဆိပ်သည် ၁၉၄၇ခုနှစ်တွင် စစ်ဘက်သုံးလေဆိပ်အဖြစ် စတင်ဖောက်လုပ်ခဲ့ပြီး ၁၉၆၀ပြည့်နှစ်တွင် အလျားပေ၆၀၀၀၊ အကျယ်ပေ၁၅၀ရှိ လေယာဉ်ပြေးလမ်း ကျောက်ကတ္တရာခင်း လေဆိပ်အဖြစ် ဖောက်လုပ်ခဲ့သည်။ ၂၀၀၁-၂၀၀၂ခုနှစ်မှစတင်၍ မူလပြေးလမ်း ပေ (၆၀၀၀×၁၅၀)အား ထုလေးလက်မရှိ နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာတင်ခြင်းနှင့် အင်အားပြန်လည် ဖြည့်တင်းခြင်း၊ အမာခံလမ်းပခုံး တည်ဆောက်ခြင်း၊ မူလလေဆိပ်အဆောက်အအုံပေ (၁၂၀×၆၀)အား ပေ(၂၂၀×၆၀)အဖြစ် တိုးချဲ့ဆောက်လုပ်ခြင်း၊ လေယာဉ်ရပ်နားနေရာ ပေ (၆၀၀×၃၀၀)တိုးချဲ့ခြင်း၊ လေယာဉ်ကွင်း ခြံစည်းရိုးကာရံခြင်းနှင့် လေယာဉ်ပြေးလမ်း လျှပ်စစ်မီးတပ်ဆင်ခြင်း၊ ချဉ်းကပ်အချက်ပြမီးတပ်ဆင်ခြင်းစသည့် အဆင့်ဆင့်သော ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ စီမံကိန်းရည်မှန်းချက်အတိုင်း အလေးချိန် ပေါင်၇၃၀၀၀ရှိ အက်ဖ်(၂၈) လေယာဉ်များ ဆင်းတက်နိုင်ပြီဖြစ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရခိုင်ပြည်နယ်အတွင်းရှိ မိုဘိုင်းလ်တယ်လီဖုန်းစနစ်တပ်ဆင်ထားသော မြို့များအခြေအနေနှင့် တပ်ဆင်ပြီးလိုင်းအင်အားတို့ကို ရှင်းလင်းတင်ပြသည်။

တိုးချဲ့တပ်ဆင်

ရခိုင်ပြည်နယ်အတွင်း စစ်တွေ၊ အမ်း၊ ကျောက်ဖြူ၊ သံတွဲ၊ မြောက်ဦး၊ မောင်တော၊ မြေပုံ၊ မာန်အောင်၊ တောင်ကုတ်၊ ကျောက်တော်နှင့် ဂွမြို့များ၌ GSM စနစ်နှင့် CDMA-450 စနစ်သုံး မိုဘိုင်းလ်တယ်လီဖုန်းလိုင်းများတိုးချဲ့တပ်ဆင်လျက်ရှိရာ ယခုအခါ လိုင်းအင်အားပေါင်း ၁၆၇၅၀ တပ်ဆင်ပြီးဖြစ်ကြောင်း သိရှိရသည်။

အော်တိုအိတ်ချိန်းများအနေဖြင့် စစ်တွေ၊ ငပလီ(ရွှေဝါချိုင်)၊ အမ်း၊ တောင်ကုတ်၊ သံတွဲ၊ မြောက်ဦး၊ မောင်တော၊ ကျောက်ဖြူမြို့များ၌ အိတ်ချိန်းလိုင်းအင်အား ၅၅၂၆လိုင်း တိုးချဲ့တပ်ဆင်ပြီးဖြစ်သည်။ ကျောက်တော်၊ မင်းပြား၊ ဂွ၊ ဘူးသီးတောင် စသည့်မြို့များ၌လည်း အော်တိုအိတ်ချိန်းများနှင့် စုစုပေါင်းလိုင်းအင်အား ၁၅၀၀ ထပ်မံတိုးချဲ့နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မေ၂၀ရက် နံနက်ရနာရီတွင် စစ်တွေမြို့နယ် ကြို့တဲကျေးရွာ ပညာ့စမ်းရေတွင်းကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်၊ စစ်တွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွန်းနှင့် ကြို့တဲကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောမောင်ကြီးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရခိုင်ပြည်နယ်အတွင်း ရုပ်မြင်သံကြား ဖမ်းယူကြည့်ရှုနိုင်ရန်ခက်ခဲသည့် နေရာဒေသအချို့ရှိကျေးရွာများအတွက် ရုပ်မြင်သံကြားဖမ်းယူကြည့်နိုင်ရန် DTH စနစ် ရုပ်မြင်သံကြားဖမ်းစက်အစုံ၃၀ကို ပေးအပ်လှူဒါန်းရာ ဒေသခံပြည်သူများကိုယ်စား ဦးသန်းထွန်းက လက်ခံသည်။

နှုတ်ဆက်အားပေး

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပညာ့စမ်းရေတွင်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွင်း ဝင်ရောက်ကြည့်ရှုကြပြီး စာပေဖတ်ရှုလေ့လာနေကြသည့် ပြည်သူများအား နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရေရှည်ခိုင်မာ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်(၅)ရပ်အတိုင်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဒေသခံပြည်သူများအား မှာကြားပြီး တက်ရောက်လာကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက်၉နာရီခွဲတွင် စစ်တွေမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိပြီး ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်များကိုလည်းကောင်း၊ ပဥ္စဝတီ FM ရေဒီယိုအသံလွှင့်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြပ်မတ်ဆောင်ရွက်

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ)သို့ ရောက်ရှိပြီး သတင်းစာ ပုံနှိပ်ထုတ်ဝေနေမှုကို ကြည့်ရှုစစ်ဆေးကာ ပုံနှိပ်သည့် သတင်းစာ အရည်အသွေးကောင်းမွန်အောင် အစဉ်ထိန်းသိမ်းဆောင်ရွက်ရေး၊ စက်ပစ္စည်းများ စနစ်တကျ ကိုင်တွယ်၍ စက်ကြံ့ခိုင်ရေး နေ့စဉ်ဆောင်ရွက်ရေး၊ ကုန်ကြမ်းအလေအလွင့် နည်းပါးအောင် ကြပ်မတ်ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

(သတင်းစဉ်)

မန္တလေးတိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မြို့နယ်အချို့၌ ရေလွှမ်းမိုးမှုများရှိခဲ့

လူတစ်ဦး ရေထဲမျောပါပျောက်ဆုံးပြီး နွားနှင့်ဆိတ်အချို့ ရေထဲမျောပါသွားခဲ့

နေပြည်တော် မေ ၂၁

မန္တလေးတိုင်းအတွင်း မေ၁၄ရက်မှ ၁၇ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြစ်ရေ၊ ချောင်းရေအချို့လျှံတက်ပြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် မြစ်သားမြို့နယ်၊ မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်၊ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်တို့၌ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် အိမ်ထောင်စုအချို့အား ပြောင်းရွှေ့ နေရာချထားပေးခဲ့ရကြောင်း၊ လယ်မြေအချို့နှင့် နွေနှမ်းစိုက်ဧကအချို့ ရေလွှမ်းမိုးမှုရှိခဲ့ကြောင်း၊ လူတစ်ဦး ရေထဲမျောပါပျောက်ဆုံးပြီး နွားနှင့် ဆိတ်အချို့ ရေထဲမျောပါသွားခဲ့ကြောင်း သိရှိရသည်။

ရေနစ်မြုပ်

ကျောက်ဆည်ခရိုင်အတွင်း၌ စမုံမြစ်ရေ လျှံတက်မှုကြောင့် ကျောက်ဆည် မြို့နယ်အတွင်းရှိ ကျေးရွာအချို့၌လည်းကောင်း၊ ပန်းလောင်မြစ်ရေလျှံတက်မှုကြောင့် စဉ့်ကိုင်မြို့နယ်ရှိ ကျေးရွာအချို့၌ လည်းကောင်း၊ မြစ်သားမြို့နယ် ကင်းတား လက်ဝဲမြောင်းမကြီး စစ်တပ်ကုန်းမြောင်း ရေလျှံသဖြင့် မြစ်သားမြို့နယ်ရှိ ကျေးရွာအချို့၌လည်းကောင်း၊ မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်ရှိ ကျေးရွာအချို့၌ လည်းကောင်း၊ မဲဇလီချောင်း ရေလျှံမှုကြောင့် တံတားဦးမြို့နယ်ရှိ ကျေးရွာအချို့၌ လည်းကောင်း ရေနစ်မြုပ်မှုများ ဖြစ်ပွားခဲ့သဖြင့် အိမ်ထောင်စုအချို့အား ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထား ပေးခဲ့ရသည်။

ထို့အပြင် မြစ်သားမြို့နယ် အနောက် သပြေသာကျေးရွာ၌ မေ ၁၅ရက်တွင် မိုးအဆက်မပြတ်ရွာသွန်းသဖြင့် ချောင်းရေတစ်ဟုန်ထိုးဝင်ရောက်လာမှုကြောင့် အဆိုပါ ကျေးရွာနေ ဦးလုတင်(၇၁)နှစ်သည် ရေထဲမျောပါ ပျောက်ဆုံးသွားခဲ့ကာ အနောက်ဘက်ကျေးရွာမှ လူနေအိမ်လေးလုံး၊ နွားတဲသုံးလုံး၊ နွားနှစ်ကောင်၊ ဆိတ်အကောင် ၇၀ခန့် ရေထဲမျောပါသွားခဲ့သည်။

ပျက်စီး

မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပြင်စည်နှင့် မြစ်သားကျေးရွာ ဆက်သွယ်သော ကားလမ်းတွင် မြေသားအချို့ ပျက်စီးမှုရှိခဲ့သည်။ ကားလမ်းဘေး ဝဲ/ယာအချို့ရှိ လယ်မြေအချို့ ရေနစ်မြုပ်ခဲ့သည်။

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်၌ သင်ပုန်းချောင်း ရေလွှမ်းမိုးမှုကြောင့် နွေနှမ်း စိုက်ဧကအချို့ ပျက်စီးမှုရှိခဲ့သည်။

ပံ့ပိုးဆောင်ရွက်

ယခုအခါအဆိုပါမြို့နယ်အားလုံး၌ ရေများပြန်ကျသွားပြီ ဖြစ်ရာ ရေဘေး လွတ်ကင်းရာသို့ ပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စုများအတွက် သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအပါအဝင် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကျန်းမာရေး၊ နေထိုင်စားသောက်ရေး လိုအပ်ချက်များကို လတ်တလော ကူညီပံ့ပိုးမှု ဆောင်ရွက်ပေးလျက်ရှိသည်။

ကူညီပံ့ပိုး

ထို့အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများကလည်း ရေဘေးသင့် ဒေသများသို့ ကွင်းဆင်းပြီး မိမိတို့ အပိုင်းအလိုက် ကူညီပံ့ပိုး ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြစ်ဝကျွန်းပေါ်ဒေသများ၌ ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်နိုင်

ရန်ကုန် မေ ၂၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး၊ ကျန်ဒေသများတွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၂ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဘီးလင်းမြို့တွင် ၆ဒသမ၃၄လက်မ၊ ဖျာပုံမြို့တွင် ၂ဒသမ၀၁လက်မ၊ ဟသ်္သာတမြို့တွင် ၁ဒသမ၃၄လက်မနှင့် ဂွမြို့တွင် ၀ဒသမ၇၉လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မေ၂၂ရက် ညနေအထိခန့်မှန်းချက်မှာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင်၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ချစ်ကြစမ်းပါ့ အမိမြေ

အခုတလော ဂျာနယ်များမှ ဆောင်းပါးများဖတ်မိသည်။ သူတို့၏ ဆန္ဒများကို ဖော်ထုတ်ပြသသော ဆောင်းပါးများဖြစ်၍ ရေးသူများကို ကျေးဇူးတင်မိသည့်အပြင် ကိုယ်တိုင်လည်း ရေးလိုစိတ်များ ပေါ်ပေါက်လာသဖြင့် ရေးမိခြင်းဖြစ်ပါသည်။

အမှုကိစ္စတိုင်း၌ မှန်သောအမြင်၊ မှန်သောအတွေး၊ မှန်သော ပြုမူပြောဆို လုပ်ဆောင်ချက်၊ မှန်သောဆုံးဖြတ်ချက်များရှိရန် လိုအပ်ပါသည်။ သမ္မာဒိဋ္ဌိမဖြစ်သရွေ့ လောကအလယ်နေထိုင်ရန် အလွန်ခက်ခဲကြပါမည်။ အတွေးအမြင်မှန်ရန်အတွက် သတိ-ပညာများ လိုအပ်မည်ဖြစ်သည်။ ထို့ပြင် ဗုဒ္ဓဘာသာဝင်ပီပီ ကံ ကံ၏အကျိုးကို လက်ခံပေးရမည်။ ကံဆိုးတိုင်း လက်မြှောက်အရှုံးပေးရန် မဟုတ်ဘဲ ကံကောင်းရန် ကံကောင်းစေသော အချက်များကို လေ့လာပြီး ပြုပြင်သွားကြရမည်သာ ဖြစ်ပါသည်။

မိမိတို့သည် ယခုအခါ ကံအကျိုးပေးအရ မြန်မာနိုင်ငံတွင် လူမျိုးစုတစ်မျိုးမျိုး၌ ရင်သွေးကောင်းတစ်ဦးအဖြစ် သန္ဓေယူမိပြီး မြန်မာနိုင်ငံသားတစ်ယောက်ဖြစ်လာခဲ့ပေပြီ။ မြန်မာပြည်တွင် မွေးဖွားလာရကောင်းလားဟူ၍ အမေ၊ အဖေ၊ ကံတရားတို့ကို အပြစ်တင်နေရန် မသင့်ပါ။ မြန်မာနိုင်ငံတွင်ရှိသော ဘာသာအတွေးအခေါ်၊ လူမှုရေးအစ၊ လူနေမှုအဆင့်၊ ခံယူချက်၊ စီးပွားရေး၊ ကျန်းမာရေး၊ ဘဝပေးအခြေအနေ အားလုံးကို ခြုံငုံပြီး မိမိတို့ဘဝအတွက် အကောင်းတွေကို အရင်ရွေးထုတ်ကြည့်စေချင်ပါသည်။

မြတ်ဗုဒ္ဓ၏ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားရာ မိမိတို့ မြန်မာပြည်၌ အလွန်လေးနက်ပြီး ချစ်ဖွယ် နှစ်သက်ဖွယ် အနှစ်သာရများ မြောက်မြားစွာရှိပါသည်။ လူ့ဘဝသည် အထက်လမ်းသို့လည်း တက်လှမ်းနိုင်စွမ်း ရှိသကဲ့သို့ ငရဲလမ်းသို့လည်း အတားအဆီးမရှိ ဆင်းသွားနိုင်ခွင့်ရှိပါသည်။ ထိုအထဲမှ ဗုဒ္ဓ၏အယူဝါဒနှင့် အဆုံးအမများကို တကယ်လေ့လာလေးစားလိုက်နာကျင့်သုံးပါလျှင် ငရဲမှလွတ်ပြီး နိဗ္ဗာန်လမ်းသို့ တက်လှမ်းရောက်ရှိနိုင်စေသည့် ဘူမိနက်သန်ဌာနမှာ မိမိတို့ မြန်မာနိုင်ငံပင် ဖြစ်ပါသည်။

ငယ်စဉ်က မိဘအဘိုးအဘွားများ သင်ကြားပေးထားသော ဘုရားရှိခိုးများ၊ မင်္ဂလာတရားများကို ပြန်လှန်လေ့လာကြည့်ပါ။ စိတ်အေးချမ်းဖွယ် နေထိုင်ပြောဆိုဆက်ဆံ၊ စီးပွားရှာ၊ ကျန်းမာပျော်ရွှင်၊ မိသားစုအတွင်း၊ လူ့အဖွဲ့အစည်းအတွင်း အဆင်ပြေချောမွေ့စေရန် အဆုံးအမနှင့် နည်းလမ်းကောင်းများစွာ ပါဝင်လျက်ရှိပါသည်။ ထိုအတိုင်း လိုက်နာ ကျင့်သုံးမည်ဆိုပါက ဘဝမှာ "အနေတတ်ပြီး ကျေနပ်ဖွယ်ရာ" များစွာ ရှိနေသည်ကို လက်တွေ့သိမြင် လက်ခံ ယုံကြည်လာမည် ဖြစ်ပါသည်။

ထို့အပြင် မြန်မာ့လူနေမှုဘဝ၌ နွေးထွေးမှုများစွာရှိပါသည်။ ရိုးရာပျော်ပွဲရွှင်ပွဲ ပွဲတော်များ လစဉ်ရှိနေပါသည်။ အဘိုးအဘွားများ၏ မေတ္တာအေးရိပ်၊ ဆရာတော်ကြီးများ၏ ဆုံးမလမ်းညွှန်မှု သာသနာ့ အေးရိပ်များ၌ အေးချမ်းမှုများ ခံစားရရှိနေကြပါသည်။ ရွှေတိဂုံကို ဖူးခွင့်ရခြင်း၊ ဖူးနိုင်ခွင့်ရှိနေခြင်းတို့မှာလည်း ဤလူ့ဘဝတွင် ရခဲသော မဟာ့မဟာ အခွင့်အရေးကြီးတစ်ရပ်အဖြစ် ရှုမြင်မိပါသည်။

လက်ရှိအခြေအနေတွင် အကြောင်းကြောင်းကြောင့် နိုင်ငံရပ်ခြားသွားလာနေထိုင် အလုပ်လုပ်ကိုင်နေကြရသော်လည်း မည်သည့် အကြောင်းနှင့်မျှ အမိနိုင်ငံကို ခြေစုံကန်ရန် မသင့်ပါ။ မိမိတို့လိုလားသည့် ပညာ၊ စီးပွားများ ရရှိပြီးပါက အမိရင်ခွင်သို့ ဆက်ဆက်ပြန်လာကြစေချင်ပါသည်။ လာခွင့်များလည်း ကိုယ်စီကိုယ်င ပိုင်ဆိုင်ထားကြပြီး ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာလူမျိုးတိုင်းသည် မိမိတို့၏ ဘဝ နေဝင်ချိန်ကို အမိမြေ၌သာ ငြိမ်းအေးစွာဖြင့် ဖြတ်သန်းရင်း သာသနာ၏ အဆုံးအမနှင့် အညီ နောင်တမလွန်အတွက် ပြင်ဆင်ကြစေချင်ပါသည်။

မိမိအနေဖြင့်မူ ဘယ်လိုပင် အခွင့်အရေးရှိ၍ မည်မျှပင် နိုင်ငံခြားသို့ သွားခွင့်ရောက်ခွင့်ရခဲ့ပါစေ အမိမြေ၏ မင်္ဂလာဒုံလေဆိပ်သို့ ပြန်ရောက်ပြီဆိုသည်နှင့် ဘဝင်အသည်းရင်ထဲ၌ ချမ်းမြေ့ကြည်နူးမှုမှာ မည်သို့မျှဖော်ပြနိုင်စွမ်းမရှိပါ။ ကိုယ့်ရေ၊ ကိုယ့်မြေ၊ ကိုယ့်မိသားစုရှိသည့် အမိမြေသည်သာ အလွမ်းဆုံး၊ အတမ်းတရဆုံး ဖြစ်ပါသည်။

မိပြည်ချစ်

ကိုယ့်နိုင်ငံ မချမ်းသာသေးလျှင် ဘာလုပ်ကြမလဲ၊ ချမ်းသာတဲ့ အဆင့်ရောက်အောင် ပိုကြိုးစားကြရပါမည်။ နောင်မျိုးဆက်သစ်တွေ အတွက် ပိုကောင်းသည့် အခွင့်အလမ်းများ လမ်းဖွင့်ပေးနိုင်အောင် ကြိုးပမ်း ကြရမည်ဖြစ်ပါသည်။ ပြည်ပရောက် မြန်မာအချို့အနေဖြင့် ကိုယ့်နိုင်ငံ မကောင်းကြောင်း ဆန့်ကျင်ဘက်လေလှိုင်းအချို့မှ အော်ဟစ်ကြုံးဝါး နေမည့်အစား ကိုယ့်ပြည်တွင်းက နာဂစ်ဒုက္ခသည်တွေအတွက် ဘာတွေ ပို့ပေးခဲ့သလဲ၊ အင်္ကျီတစ်စ၊ မုန့်တစ်ထုပ်၊ငွေတစ်ပိုင်၊ ငွေတစ်ဆင့်၊ တစ်သျှူးလင်၊ ဆေးဝါးတချို့၊ အိမ်သုံးပစ္စည်းတချို့ ပို့ဖြစ်ပါရဲ့လား၊ ပြန်ဆန်းစစ်ကြည့်ပါ။ ပါးစပ်နှင့် ချစ်မည့်အစား နိုင်ငံခြားရောက် မြန်မာလူငယ်များ စုပေါင်းပြီး တကယ်ပို့ပေးလျှင် တကယ်ရပါသည်။ သီတင်းတစ်ပတ်ကို တစ်ဒေါ်လာနှုန်း၊ တစ်ယွမ်နှုန်း၊ တစ်ယန်းနှုန်း၊ တစ်ပေါင်နှုန်းစုပြီး ပံ့ပိုးဖြစ်ကြမည်ဆိုလျှင်ပင် ယခု တစ်နှစ်ပြည့်ချိန်မှာ လေဘေးသင့် ပြည်သူတွေ အတွက် အတော်အကူအညီရကြမှာ အမှန်ပင်ဖြစ်ပါသည်။

တစ်နိုင်ငံလုံးမှာ မိမိတို့ ကူညီချင်လျှင် ကူညီနိုင်ခွင့်ရှိသည့် မိဘမဲ့ကျောင်းတွေ၊ ဘိုးဘွားရိပ်သာတွေ၊ လူငယ်သင်တန်းကျောင်းတွေ အများကြီးပါ။ နှမ်းတစ်လုံးနှင့် ဆီမထွက်ပေမယ့် ဆီထွက်နိုင်မည့် နှမ်းလုံးလေးတွေ တတ်နိုင်သလောက်စုသည်က "ဘာတွေ ညာတွေ" အော်နေမည့်အစား ပိုထိရောက်၊ ပိုအကျိုးရှိမှာ မုချဖြစ်ပါသည်။

မြန်မာပီပီ ကိုယ့်ရေမြေ ကိုယ့်မျိုးနွယ်ကိုချစ်တတ်အောင် လေ့လာ သင်ယူစရာတွေ အများကြီးပါ။ မြန်မာနဲ့သက်ဆိုင်တဲ့ သမိုင်းကြောင်း၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ပညာ၊ ဗဟုသုတတွေ ထဲထဲဝင်ဝင် လေ့လာ ကြည့်လိုက်မည်ဆိုလျှင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို လေးစားအထင်ကြီးပြီး အမှန်တကယ်ပင် ချစ်တတ်လာပါလိမ့်မည်။

ထို့ကြောင့် စာရေးသူအကောင်းဆုံးအကြံပေးလိုပါသည်။ မြန်မာ ပြည်တွင် အားလပ်ချိန်၌ လေ့လာစရာတွေအပြည့်၊ နွေးထွေးကူညီနိုင် စရာတွေလည်း အပြည့်ပင်ဖြစ်ပါသည်။ ထို့ကြောင့် အကျိုးမဲ့ "ဘေးထိုင် ဘုပြော"နေကြမည့်အစား နိုင်ငံခြားရောက်နေသူများကလည်း ဘဝကို ရန်းကန်နိုင်ရန် အင်အားတွေပေးသည့် ဘာသာရေးစာပေတွေလေ့လာ ကြပါ၊ တရားဓမ္မများ ပွားများကြပါ၊ အနည်းဆုံး "အရဟံ" ဂုဏ်တော် ပုတီးတစ်ပတ်လောက် ကြိုးစားစိပ်ကြည့်ပါ၊ မေတ္တာပို့ ဆုတောင်းကို ရွတ်ဆိုကြည့်ပါ။ ရင်ထဲငြိမ်းချမ်းလာပြီး အခက်အခဲများပြေလည်၊ လုပ်ငန်းများလည်းအဆင်ပြေ တိုးတက်အောင်မြင်လာမည် မုချပါ။ အချိန် တစ်ခုအထိပေး၍ လုပ်ကြည့်ကြစေလိုပါသည်။ စိုက်ထုတ်ပေးဆပ်မှု အပေါ်မူတည်၍ တစ်လ၊ တစ်နှစ်၊ ဆယ်နှစ်၊ တစ်ဘဝအကျိုးခံစား ခွင့် ရကြမည်သာ ဖြစ်ပါသည်။ ညည်းညူတွေဝေ စိတ်ပျက်နေတာတွေ ကွယ်ပျောက်ပြီး တက်ကြွလန်းဆန်းလျက် နေချင်စဖွယ်၊ ပျော်ရွှင်ဖွယ်ရာ အမိမြေမြန်မာဆိုသည်ကို ကိုယ်တွေ့သေသေချာချာသိခွင့်၊ နားလည် ခွင့်ရလာမှာ အသေအချာဟုသာ ညွှန်းဆိုလိုပါသည်။ မိမိကတော့ အမိမြေ ကို ချစ်၍မဝတာ အမှန်ပါပဲ။

မြန်မာပြည်တွင် လူဖြစ်ခွင့်ရပြီး စစ်မှန်သောဘာသာတရားနှင့် ဓမ္မစာပေများကို ဆည်းကပ်ကိုးကွယ် လေ့လာခွင့်ရခဲ့သည့်အတွက် သေခြင်းတရားနှင့် လောကဓံတရားကို ရင်ဆိုင်နိုင်စွမ်းရှိခြင်း၊ ကြိုတင် ပြုပြင်ခွင့်ရခြင်း၊ နောင်တမလွန်ဘဝ ဆင်းရဲဒုက္ခငြိမ်းအောင် သမထ၊ ဝိပဿနာပွားများနိုင်ခြင်း၊ ကုသိုလ်အမျိုးမျိုးလုပ်ခွင့်ရခြင်း၊ ထို့အပြင် လေးစားအပ်သောခင်ပွန်း၊ မြတ်နိုးဖွယ်ရာ ဇနီး၊ သားသမီးများ၊ ချစ်ခင် ဖွယ် မြေးမြစ်များနှင့် သိုင်းဝိုင်းနွေးထွေးသော မိသားစုများရှိခြင်း၊ အလေးထား ကူညီပေးစွမ်းနိုင်သော သူငယ်ချင်းမိတ်ဆွေ၊ ဆွေမျိုးအသိုင်း အဝိုင်းနှင့်နေခွင့်ရခြင်း စသော စသော ထူးခြားလှသည့် အခွင့်အရေးများနှင့် ပြည့်နေသော မြန်မာပြည်အဖြစ် ရှုမြင်တတ်ကြပါစေ။

- အဝေးရောက်မြန်မာများလည်း အမိမြေကို မြတ်နိုးချစ်ခင် တတ်ကြပါစေ။
- ရင်ထဲခံစားမှုများနှင့် အဆိုးမြင်ဘဝရောက်နေသူအချို့လည်း ဗုဒ္ဓ အဆုံးအမကို တစ်ချက်လောက်နာယူပြီး ပစ္စက္ခအခြေအနေအပေါ် အမြင်မှန်အောင် လေ့ကျင့်ကြည့်နိုင်ကြပါစေ။
- တစ်နေ့မှာ အမိမြေကို ပြန်လာနိုင်ကြပါစေ၊ အကျိုးပြုခွင့် ရကြပါစေ။
- အဝေးက ပညာတွေသယ်လာပြီး ကိုယ့်ပြည်တွင်းမှာ လက်ဆင့် ကမ်း အမွေပေးနိုင်ကြပါစေ။
- နိုင်ငံတကာမှာ မြန်မာပြည်သားတွေရဲ့ စိတ်ဓာတ်နဲ့ အစွမ်း ပြနိုင်ကြပါစေ။
- အမိမြေကို တကယ်ချစ်ပြီး မြတ်နိုးဖွယ်ရိုးရာဓလေ့၊ အမူအကျင့်၊ အယူအဆကောင်းများ ခံစားနိုင်ခွင့်ရှိကြပါစေ။
- တစ်ပါးနိုင်ငံတွေက ကောင်းတဲ့နည်းစနစ်၊ အသိ၊ အတတ်ပညာ တွေကို အမိမြေအတွက် ယူလာနိုင်ကြပါစေ။
- တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သာယာဖွံ့ဖြိုးတိုးတက်လာမည့် အမိမြေကို ဝိုင်းဝန်းချစ်ခင် အကျိုးပြုနိုင်ကြပါစေ။
- သာယာငြိမ်းချမ်းလှပတဲ့ အမိမြန်မာနိုင်ငံတော်ကြီးကို စုပေါင်း ကာကွယ် ပြုစုပျိုးထောင် တည်ဆောက်နိုင်ကြပါစေ။
- အမိနိုင်ငံကို ကမ္ဘာ့မြေပြင်ပေါ်မှာ အစဉ်ထာဝရ တည်တံ့ ရှင်သန်ပြီး မော်ကွန်းဥဒါန်းတင်နိုင်သည်အထိ ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းမြှင့်တင် တည်ထောင်နိုင်ကြပါစေ။
- လွဲမှားသောအမြင်များအစား နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကို လိုလားသည့်စိတ်၊ မြတ်နိုးစိတ်၊ အားကိုးစိတ်များဖြင့် အမိမြေကို ချစ်ခင်နိုင်ကြပါစေ။ ။

ကိုယ့်နိုင်ငံ မချမ်းသာသေးလျှင် ဘာလုပ်ကြမလဲ၊ ချမ်းသာတဲ့အဆင့်ရောက်အောင် ပိုကြိုးစားကြရပါမည်။ နောင်မျိုးဆက်သစ်တွေအတွက် ပိုကောင်းသည့် အခွင့်အလမ်းများ လမ်းဖွင့်ပေးနိုင်အောင် ကြိုးပမ်းကြရမည်ဖြစ်ပါသည်။ ပြည်ပရောက် မြန်မာအချို့အနေဖြင့် ကိုယ့်နိုင်ငံ မကောင်းကြောင်း ဆန့်ကျင်ဘက်လေလှိုင်းအချို့မှ အော်ဟစ်ကြုံးဝါးနေမည့် အစား ကိုယ့်ပြည်တွင်းက နာဂစ်ဒုက္ခသည်တွေအတွက် ဘာတွေ ပို့ပေးခဲ့သလဲ၊ အင်္ကျီ တစ်စ၊ မုန့်တစ်ထုပ်၊ ငွေတစ်ပိုင်၊ ငွေတစ်ဆင့်၊ တစ်သျှူးလင်၊ ဆေးဝါးတချို့၊ အိမ်သုံး ပစ္စည်းတချို့ ပို့ဖြစ်ပါရဲ့လား၊ ပြန်ဆန်းစစ်ကြည့်ပါ။ ပါးစပ်နှင့် ချစ်မည့်အစား နိုင်ငံခြားရောက် မြန်မာလူငယ်များ စုပေါင်းပြီး တကယ်ပို့ပေးလျှင် တကယ်ရပါသည်။

ဥသာယူနိုက်တက်ကို ဂိုးပြတ်သွင်းအနိုင်ယူ

ကမ္ဘောဇအသင်းပွဲဦး မျက်နှာပန်းလှ

သတင်းမြင်ကွင်း - ဖိုးသော်ဇင် ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)နှင့် ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - တင်မောင်လွင် (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၁

MNL CUP Grand Royal 2009 ဘောလုံးပြိုင်ပွဲ စတုတ္ထပွဲစဉ်ကို ယနေ့ ညနေ ၄နာရီက အောင်ဆန်းကွင်းတွင် ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ် (တောင်ပိုင်း)ကိုယ်စားပြု ကမ္ဘောဇ F.C က ပဲခူးတိုင်းကိုယ်စားပြု ဥသာယူနိုက်တက် F.C ကို သုံးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။

ကမ္ဘောဇ F.C - သုံးဂိုး
ဥသာယူနိုက်တက် F.C - ဂိုးမရှိ

ကမ္ဘောဇ F.Cအတွက် အခုအနိုင်ရလဒ်ဟာ ကျေနပ်စရာကောင်းခဲ့ပေမယ့် ခြေစွမ်းကတော့ အကောင်းဆုံးမှာ မရှိခဲ့ပါဘူး။ အထူးသဖြင့် ကွင်းလယ်နဲ့ ရှေ့တန်း ချိတ်ဆက်တဲ့နေရာမှာ လိုအပ်ချက်တွေရှိနေခဲ့ပြီး ဥသာယူနိုက်တက်အသင်း၏ ကြိုးစားမှုကြောင့်လည်း အနိုင်ရဖို့ ရုန်းကန်ခဲ့ရပါတယ်။ ကမ္ဘောဇ F.C ကို ဂိုးပြတ်အနိုင်ရသွားစေတာကတော့ မိနစ် ၅၀ကျော်မှာ စိုးမင်းဦးကို ထုတ်ပြီး ထက်အောင်ကို ထည့် ကစားကာ တိုက်စစ်ဆင်တဲ့ ပုံစံပြောင်းလဲခဲ့လို့ဖြစ်ပြီး အဲဒီနောက်ပိုင်းမှာ တိုက်စစ်ပိုအချိတ်အဆက်မိကာ ဂိုးတွေထပ်မံသွင်းနိုင်ခဲ့တာဖြစ်ပါတယ်။ လူငယ်ကစားသမားအများစုကို အခြေခံလာတဲ့ ဥသာယူနိုက်တက်ကတော့ ကြိုးစားမှုကောင်းပေမယ့် လူငယ်ကစားသမားတွေ စိုးရိမ်စိတ်များနေကာ ရရှိတဲ့ဂိုးသွင်းခွင့်အချို့ကို အသုံးမချနိုင်ခဲ့တာကြောင့် ခြေမကျပေမယ့် ဂိုးပြတ်အရေးနိမ့်ခဲ့ရတာဖြစ်ပါတယ်။

ခြိမ်းခြောက်နိုင်

အတွေ့အကြုံရှိတဲ့ မြန်မာ့လက်ရွေးစင် ကစားသမားတွေဖြစ်တဲ့ စိုးမြတ်မင်း၊ ခင်မောင်လွင်၊ မိုးဝင်း၊ အေးဆန်း၊ ဟန်ဝင်းအောင်၊ ကျော်ဇင်ထက်တို့ ပါဝင်လာတဲ့ ကမ္ဘောဇအသင်းဟာ ပွဲစကတည်းက ဥသာယူနိုက်တက်ဘက်ကို ဖိကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ကွင်းလယ်က ခင်မောင်လွင်၊ နေဇော်ထက်၊ ဝင်းမင်းထွဋ်၊ စိုးမင်းဦးတို့နဲ့ တိုက်စစ်မှူးတွေဖြစ်တဲ့ စိုးမြတ်မင်းနဲ့ စထက်နိုင်ဝင်းတို့ ချိတ်ဆက်တဲ့နေရာမှာ အမှားများခဲ့လို့ တိုက်စစ်ဟာ သိပ်မထိရောက်ခဲ့ပါဘူး။ ၁၃မိနစ်မှာတော့ ကမ္ဘောဇ F.Cအဖွင့်ဂိုး ရသွားပြီး တိုက်စစ်မှူး စထက်နိုင်ဝင်းက ခေါင်းတိုက် သွင်းယူခဲ့တာဖြစ်ပါတယ်။ အဲဒီဂိုးဟာဥသာဂိုးသမား ကိုကိုအောင်ရဲ့ ပေါ့ဆမှုကနေ ပေးလိုက်ရတာဖြစ်ပါတယ်။ ၅-၄-၁ ကစားကွက်ဖြင့် ခံစစ်ကိုလုံအောင်လုပ်ပြီး Counter ပုံစံနဲ့ ကစားခဲ့တဲ့ ဥသာယူနိုက်တက်ရဲ့ ကစား

“လာမယ့်ပွဲတွေမှာ အသင်းကို ဒီထက်ပိုကောင်းအောင် ပြင်ဆင်သွားမှာပါ” ဦးအေးမောင်ကြီး ကမ္ဘောဇ F.C နည်းပြချုပ်။

ပုံဟာ ထိရောက်ခဲ့တယ်လို့ ပြောရမှာဖြစ်ပြီး ကမ္ဘောဇဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ တိုက်စစ်မှူး ဟိန်းရာဇာဝင်းနဲ့ ကျော်သက်ဦးတို့ အပိုင်ဂိုးသွင်းခွင့်တွေကို လွဲချော်ခဲ့ကြလို့ ဥသာယူနိုက်တက်နစ်နာခဲ့ရပါတယ်။ ကမ္ဘောဇအသင်းရဲ့ တိုက်စစ်ကစားပုံကလည်း အကောင်းဆုံးပုံစံမရခဲ့လို့ ပထမပိုင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရနေခဲ့ပါတယ်။

ဥသာယူနိုက်တက်အသင်းကို အနိုင်ရရှိသွားသည့် ကမ္ဘောဇအသင်း ဆုယူအပြီး။ (မြန်မာ့အလင်း)

တက်လှမ်းနိုင်

ဒုတိယပိုင်းပြန်စပြီး သိပ်မကြာခင်မှာတော့ ကမ္ဘောဇအသင်းဟာ စိုးမြတ်မင်းနဲ့ စထက်နိုင်ဝင်းတို့ရဲ့နောက်မှာ နောက်ချန်တိုက်စစ်မှူး သဘောမျိုးကစားနေတဲ့ စိုးမင်းဦးကို ထက်အောင်နဲ့လူစားလဲပြီး ၄-၄-၂ ပုံစံနဲ့ တောင်ပံနှစ်ဖက်ကနေ ဂိုးရဖို့ ကြိုးစားခဲ့ပါတယ်။ ကမ္ဘောဇ အပြောင်းအလဲ မှန်ကန်ခဲ့တယ်လို့ ပြောရမှာဖြစ်ပြီး ၅၄မိနစ်မှာ ကွင်းလယ်လူ ခင်မောင်လွင်က ဘီးကုပ်ထိပ်ကနေ အပြင်းကန်သွင်းပြီး ဒုတိယဂိုး ရယူခဲ့ပါတယ်။ ဆက်တိုက်ဆိုသလို ဖိကစားနေတဲ့ ကမ္ဘောဇအသင်းဟာ ၆၃ မိနစ်မှာ တတိယဂိုး ထပ်ရသွားပြီး အသင်းခေါင်းဆောင် စိုးမြတ်မင်းပေးတာကတစ်ဆင့် ခင်မောင်လွင်က ဂိုးသမားကိုကိုအောင်ကို လိမ်ပြီးကန်သွင်းခဲ့တာဖြစ်ပါတယ်။ ဒီနေ့ပွဲမှာ မြန်မာနေရှင်နယ်လိဂ်ရဲ့ ပထမဦးဆုံး အနီကတ်ရှင်ပေါ်ထွက်ခဲ့ပြီး ၆၅ မိနစ်မှာ ဥသာယူနိုက်တက် နောက်ခံလူ ဇော်ဇင်ထက် ဖျက်ထုတ်တာကြမ်းလို့ နှစ်ဝါ တစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။ သုံးဂိုးပြတ်နဲ့ အနိုင်ရခဲ့တဲ့ ကမ္ဘောဇအသင်းကတော့ အမှတ်ပေးဇယား ဒုတိယနေရာအထိ တက်လှမ်းနိုင်ခဲ့ပါတယ်။

ပေးအပ်ချီးမြှင့်

ပွဲအပြီးမှာ အကောင်းဆုံးဆုရ ခင်မောင်လွင်(ကမ္ဘောဇ)ကို IBTC မှ ရုံးအဖွဲ့မှူးဦးစိုးတင့်သိန်းက Grand Royal မှ ချီးမြှင့်ငွေ ကျပ်ငါးသိန်းကိုလည်းကောင်း၊ အနိုင်ရရှိသွားတဲ့ ကမ္ဘောဇ F.C ကို ကမ္ဘောဇဘဏ်လီမိတက်မှ အတိုင်ပင်ခံပုဂ္ဂိုလ်ဦးသန်းလွင်က ကမ္ဘောဇဘဏ်မှ ချီးမြှင့်ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

ကမ္ဘောဇ F.C မှာ **ဂိုး**-ကျော်ဇင်ထက်၊ **နောက်တန်း**-ဟန်ဝင်းအောင်၊ အေးဆန်း၊ မိုးဝင်း၊ ဉာဏလွင် (အောင်ဝင်းနိုင်)၊ **အလယ်တန်း**-နေဇော်ထက် (အောင်ကျော်ဦး)၊ ဝင်းမင်းထွဋ်၊ ခင်မောင်လွင်၊ စိုးမင်းဦး (ထက်အောင်)၊ **ရှေ့တန်း**-စိုးမြတ်မင်းနဲ့ စထက်နိုင်ဝင်းတို့ ပါဝင်ကစားခဲ့ကြပြီး ဥသာယူနိုက်တက် F.Cတွင် **ဂိုး**-ကိုကိုအောင်၊ **နောက်တန်း**-ညီညီအောင်၊ မျိုးဝင်းအောင်၊ နီမောင်မောင်အောင်၊ ကျော်စိုးလွင်၊ ဇော်ဇင်ထက်၊ **အလယ်တန်း**-အောင်လတ်သူ၊ နိုင်နိုင်လင်း(ဇင်မင်းထက်)၊ အောင်ဖြိုးမြင့် (မြတ်မင်းသူ)၊ ကျော်သက်ဦး၊ **ရှေ့တန်း**-ဟိန်းရာဇာဝင်းတို့ ပါဝင်ကစားခဲ့ကြပါတယ်။

ဥသာယူနိုက်တက်မှ ကျော်သက်ဦး ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းခဲ့ပါသော်လည်း....။ (မြန်မာ့အလင်း)

ကမ္ဘောဇ F.C နည်းပြချုပ် ဦးအေးမောင်ကြီးက “အခုပွဲ အနိုင်ရလဒ်ကို ကျေနပ်ပေမယ့် အသင်းကတော့ လိုချင်တဲ့ပုံစံမရသေးပါဘူး။ ကွင်းလယ်ပိုင်းကို အားမရသေးပါဘူး။ တစ်ဖက်အသင်းကလည်း ကြိုးစားမှုရှိလို့ ကျွန်တော်တို့အလယ်ကြောကို တည်လို့မရခဲ့ပါဘူး။ လက်ရွေးစင်ကစားသမားတွေနဲ့ စုစည်းလေ့ကျင့်ရက်က အနည်းငယ်ပဲရသေးလို့ အသင်းလိုက်စုစည်းမှုမှာ အနည်းငယ်အားနည်းခဲ့ပါတယ်။ နေဝင်းနဲ့ တင့်နိုင်ထွန်းသိန်းတို့က ဒဏ်ရာကြောင့် မပါနိုင်တာပါ။ လာမယ့်ပွဲတွေမှာ အသင်းကို ဒီထက် ပိုကောင်းအောင် ပြင်ဆင်သွားမှာပါ”လို့ ပြောကြားခဲ့ပါတယ်။

ဥသာယူနိုက်တက် F.C နည်းပြချုပ်ဦးဝင်းတင်က “လက်ရွေးစင်ကစားသမားတွေ အများစုပါတဲ့ ကမ္ဘောဇအသင်းကို သူတင်ကိုယ်တင် လိုက်ကစားနိုင်တဲ့ ကစားသမားတွေကို ချီးကျူးပါတယ်။ အခု ပွဲဟာ တစ်ဂိုး၊ နှစ်ဂိုးလောက်ပဲ ဖြစ်သင့်ပေမယ့် မပေးသင့်တဲ့ဂိုးတွေပေးခဲ့ရသလို ရသင့်တဲ့ဂိုးတွေမရခဲ့လို့ ဖြစ်ပါတယ်။ ပထမပိုင်းမှာ လက်ထိတဲ့ အနေအထားဟာ ပယ်နယ်တီ ရသင့်ပါတယ်။ ကျွန်တော်တို့အသင်း ခံစစ်ပိုင်းဟာ အမှားတွေရှိခဲ့လို့ လာမယ့်ပွဲတွေမှာ ခံစစ်ပိုင်းကို ပြုပြင်သွားမှာပါ” လို့ ပြောကြားခဲ့ပါတယ်။

၂၃-၅-၂၀၀၉ (စနေနေ့)

သုဝဏ္ဏကွင်း

ဇေယျာရွှေမြေ F.C
ရတနာပုံ F.C

(မြန်မာ့အလင်း)

မေ ၂၁ရက် ပွဲစဉ်အပြီး အသင်းများ၏ ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
၁	ရန်ကုန်ယူနိုက်တက်	၁	၁	-	-	၄	-	၃
၂	ကမ္ဘောဇ	၁	၁	-	-	၃	-	၃
၃	ရတနာပုံ F.C	၁	၁	-	-	၂	-	၃
၄	Delta United	၁	-	၁	-	၁	၁	၁
၅	မကွေး	၁	-	၁	-	၁	၁	၁
၆	Southern Myanmar	၁	-	-	၁	-	၂	-
၇	ဥသာယူနိုက်တက်	၁	-	-	၁	-	၃	-
၈	ဇေယျာရွှေမြေ	၁	-	-	၁	-	၄	-

အားပေး

ဥသာ ယူနိုက်တက်နှင့် ကမ္ဘောဇ F.C တို့ ပွဲစဉ်ကို ဘောလုံးဝါသနာအိုးများ ဤသို့ တစ်ခဲနက် အားပေးခဲ့ကြသည်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ခုနှစ်၊ကဆုန်လပြည့်ကျော်၁၄ရက်
(အဖိတ်နေ့)
၂၂-၅-၂၀၀၉ ရက်
(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
၈း၁၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၀ ၇။ **ချစ်လွန်းလို့**
ဖိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင်
(ဒါရိုက်တာ-ကြည်စိုး)
၈း၃၀ ၈။ International News
၈း၄၀ ၉။ “လျှပ်စစ်ဖြင့်အလုဆင်မည့် ရေလှောင်တမံ စီမံကိန်းကြီးများ”
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄း၂၀ ၃။ မြန်မာစာ မြန်မာစကား
၄း၃၅ ၄။ အတီးပြိုင်ပွဲ
၄း၄၅ ၅။ တေးဂီတအစီအစဉ်
၅း၀၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀ ၈။ နှောင်းခေတ်တေးပဒေသာ
၅း၃၀ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ
နားခိုရာရင်ခွင်(အပိုင်း-၁၂)
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ
မေတ္တာလမ်းဆုံ(အပိုင်း-၂၅)
၁၈။ သီချင်းချစ်သူ
၁၉။ အစီအစဉ်ပြီး၏။

လက်တူးတွင်း အဆင့်မြှင့်ခြင်း ကွင်းဆင်းစစ်ဆေး

အောင်လံ မေ ၂၁

မကွေးတိုင်း အောင်လံမြို့နယ် စမ်းကလေးကျေးရွာတွင် လက်တူးတွင်း အဆင့်မြှင့်တင်ခြင်းနှင့် အမိုးမိုးခြင်း လုပ်ငန်းကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ချောင်းဆုံ စည်ပင်သာယာ ကျေးလက်လမ်းတံတားဆောင်ရွက်

ချောင်းဆုံ မေ ၂၁

မွန်ပြည်နယ် ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် အဖွဲ့သည် ချောင်းဆုံမြို့နယ် စည်ပင်သာယာရေး အဖွဲ့သို့ မေ ၁၈ရက်တွင် ရောက်ရှိစဉ် အဖွဲ့၏ ၂၀၀၉-၂၀၁၀ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မြို့ပြ/ကျေးလက် လမ်းတံတား၊ ရေပေးရေး လုပ်ငန်းများ စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့က ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။

(မြို့နယ်စည်ပင်)

✻ ကျောဖုံးမှ

ရေခဲတောင်များ အရည်ပျော်မှု မြန်ဆန်ခြင်းတို့ဖြစ်ပေါ်ကာ သမုဒ္ဒရာများ၏ ဂေဟပတ်ဝန်းကျင်စနစ်ကိုပါ ထိခိုက်လာ၍ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုများကိုပါ တွေ့ကြုံနေကြရသည်။

တီထွင်ထုတ်လုပ်

လူသားတို့ နေ့စဉ် ရှင်သန်နေထိုင်မှုတွင် လျှပ်စစ်စွမ်းအင်သည် မရှိမဖြစ်လိုအပ်ပေသည်။ ထို့ကြောင့် လျှပ်စစ်စွမ်းအင်ထုတ်ယူရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ ထုတ်လုပ်မှု ကုန်ကျစရိတ်သက်သာစွာဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်စေမည့် နည်းလမ်းများကို ကြိုးပမ်းရှာဖွေ တီထွင်ထုတ်လုပ်လာကြသည်။

အားသွင်းရန်မလို

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် လိုအပ်သော လျှပ်စစ်စွမ်းအင် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များက မြန်မာ့ရေမြေသဘာဝနှင့်ကိုက်ညီပြီး ကျေးလက်နေပြည်သူများ ကုန်ကျစရိတ် သက်သာကာ အသုံးပြုရန်လွယ်ကူသည့် သဘာဝစွန့်ပစ်ပစ္စည်းကို အခြေခံ၍ တစ်နှစ်တာကာလပတ်လုံး အားသွင်းရန်မလို အစဉ်အမြဲပြည့်ဖြိုး ထွန်းလင်းစေမည့် ဇီဝဘက်ထရီများကို တီထွင်ထုတ်လုပ်နိုင်ပြီဖြစ်သည်။

အဆိုပါ ဇီဝဘက်ထရီများကို ထုတ်လုပ်ရာတွင် ကျေးလက်ဒေသများ၌ အလွယ်တကူရရှိနိုင်သော သဘာဝ စွန့်ပစ်ပစ္စည်းများကို ဆတူရောစပ်၍ ၁ဒသမ၅ ဗို့အားရှိ ဓာတ်ခဲဟောင်းများကို ဝိုင်ယာကြိုးဖြင့် ပြိုင်ဆက် (Parallel Connection) နှင့် တန်းဆက် (Series Connection) များ ဆက်သွယ်ကာ တစ်လီတာ ရေသန့်ဘူးတွင် ထည့်သွင်းအသုံးပြုထားခြင်း ဖြစ်သည်။

အသုံးပြုနိုင်

ဇီဝဘက်ထရီအိုးများကို လွယ်ကူစွာ သယ်ယူရွှေ့ပြောင်းခြင်း ပြုလုပ်နိုင်ရန်အတွက် ဘက်ထရီအိုးများကို သစ်သားပုံး၊ ဖိုက်ဘာပုံး၊ ကြိမ်ခြင်း၊ ပလတ်စတစ်ခြင်း၊ ပလတ်စတစ်ဘူး၊ ဘက်ထရီအိုးခွံ စသည်တို့တွင် ထည့်သွင်းအသုံးပြုနိုင်သည်။

ထူးခြားချက်များ

ဇီဝဘက်ထရီ၏ ထူးခြားချက်များမှာ-

(၁) ပြုလုပ်ရန် ကုန်ကြမ်းပစ္စည်းများ အလွယ်တကူ ရရှိနိုင်ခြင်း။
(၂) ကျေးလက် ဒေသများတွင်ပင် အလွယ်တကူ တပ်ဆင်ပြုလုပ်နိုင်ခြင်း။
(၃) ကုန်ကျစရိတ်သက်သာခြင်း၊ ဒီစီဗို့အားဖြစ်၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းခြင်း။
(၄) မီးခွက်၊ ဖယောင်းတိုင်မီး ကဲ့သို့ မဟုတ်ဘဲ မီးအန္တရာယ်ကင်းရှင်းခြင်း။
(၅) ပြုပြင်ထိန်းသိမ်းမှု အနည်းငယ်သာ ပြုလုပ်ရန် လိုအပ်ခြင်း။
(၆) ဓာတ်အား ပြန်လည်သွင်းရန် မလိုအပ်ခြင်း။
(၇) သာမန် ဘက်ထရီအိုးများထက် အလေးချိန် ပေါ့ပါးခြင်း။
(၈) ဘက်ထရီအိုးများကဲ့သို့ အက်စစ်ဆားပေါက်မှု မဖြစ်ပေါ်ခြင်း။
(၉) သဘာဝ စွန့်ပစ်ပစ္စည်းများကို အသုံးပြုထား၍ Recycle အဖြစ် အကျိုးရှိစွာ ပြန်လည် အသုံးချနိုင်ခြင်း။
(၁၀) LED Lighting စနစ်နှင့် တွဲဖက်အသုံးပြုပါက အလင်းရောင်အားကောင်းသော Day Light ကဲ့သို့ အလင်းရောင်ကို ရရှိနိုင်ပြီး တာရှည်အသုံးခံခြင်း

စသည်တို့ ဖြစ်သည်။

ကုန်ကျစရိတ်သက်သာပြီး အသုံးပြုရန်လွယ်ကူသည့် သဘာဝ စွန့်ပစ်ပစ္စည်းများဖြင့် တီထွင်ထုတ်လုပ်ထားသော ဇီဝဘက်ထရီ။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာန တို့၏ လေ့လာတွေ့ရှိချက်များကို အခြေခံ၍ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ဇီဝဘက်ထရီများကို သုတေသနပြု ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ချွေတာ ဈေးနှုန်းသက်သာသည့် LED မီးလုံးများကိုလည်း ထုတ်လုပ်လျက်ရှိရာ ကျေးလက်နေ ပြည်သူများအတွက် ၂၄နာရီ နေ့၊ ညမရွေး တစ်နှစ်ပတ်လုံး အလင်းဆောင်နိုင်တော့မည် ဖြစ်သည်။

ဤသို့ဖြင့် ဇီဝဘက်ထရီများနှင့် တွဲဖက်ကာ LED မီးလုံးများကို ထွန်းလင်းနိုင်ခြင်းကြောင့် မြန်မာနိုင်ငံ ကျေးလက်ဒေသများ၊ ဝေးလံခေါင်သီသော အရပ်ဒေသများ၊ လျှပ်စစ်မီးမရနိုင်သေးသောဒေသများတွင်ဈေးနှုန်းသက်သာစွာဖြင့် လွယ်ကူစွာအသုံးပြုနိုင်ပြီး မြန်မာနိုင်ငံ ကျေးလက်နေပြည်သူများအတွက် များစွာသော အကျိုးကျေးဇူးများ ရရှိနိုင်တော့မည်ဖြစ်ပါကြောင်း သတင်းဆောင်းပါး ရေးသားတင်ပြ လိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

ဟော့ရှော့-၂ ဇာတ်ကားကြီး မကြာမီရုံတင်မည်

ယခုသောကြာပတ် Fast and Furious - 4 ရုံဝင်လာ

ရန်ကုန် မေ ၂၁

လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ မအေးအေးဝင်း စီစဉ်ပြီး ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးသည့် ဟော့ရှော့-၂ ဇာတ်ကားကြီး မကြာမီရုံဝင်လာတော့မည် ဖြစ်သည်။ ဟော့ရှော့-၂ ဇာတ်ကားတွင် သူထူးစံ၊ မိုးအောင်ရင်၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ အိန္ဒြာကျော်ဇင်၊ သင်ဇာဝင့်ကျော်၊ နန်းဆုရတီစိုးနှင့် ဟာသသရုပ်ဆောင်များစွာ ပါဝင်ထားသည်။ ဇာတ်ဝင်ခန်းများကို ပေလီပင်လယ်ကမ်းခြေတွင် သွားရောက်ရိုက်ကူးထားသဖြင့် ပေလီအလှအပများကို တဝကြီးခံစားရမည်ဖြစ်သည်။

Fast and Furious-4

ဒါရိုက်တာ Justin Lin ရိုက်ကူးပြီး နာမည်ကြီး အက်ရှင်မင်းသား Vin Diesel နှင့် Paul Walker တို့ ပါဝင်ထားသော အက်ရှင်ဇာတ်ကား Fast and Furious- 4 ဇာတ်ကားမှာ နေပြည်တော်ရုံတွင် ရုံဝင်လာသည်။ အမေရိကန်နှင့် မက္ကဆီကိုနယ်စပ်ကို ဖြတ်ကျော်သယ်ဆောင်သော ဘိန်းဖြူများကို ကားမောင်းပြိုင်ပွဲ သဏ္ဌာန် ပြုလုပ်ပြီး လျှို့ဝှက် သယ်ဆောင်စဉ် အက်ဖ်ဘီအိုင်နှင့် ဒေါမနစ်တိုရက်တိုဆိုသူတို့က စွန့်စွန့်စားစား ဖော်ထုတ်ဖမ်းဆီးလိုက်နိုင်ပုံများကို ရိုက်ကူးထားသော အက်ရှင်ဇာတ်ကားဖြစ်သည်။

နှင်းဆီမိုးတိမ်မှ ခွေးနှင့် အိန္ဒြာကျော်ဇင်။

ကဝေပျို့ ပြနေဆဲ

ဒါရိုက်တာဇော်မြင့်ဦး ရိုက်ကူးပြီး ရန်အောင်၊ ခန့်စည်သူ၊ နန္ဒာလှိုင်၊ ခိုင်သင်းကြည်နှင့် ဇော်ဝမ်းတို့ ပါဝင်ထားသော **ကဝေပျို့၏ ပစ္စုပ္ပန်** ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

မကြာမီရုံဝင်လာမည့် ဟော့ရှော့-၂ ဇာတ်ကားမှ ဇာတ်ဝင်ခန်းများ။

ရွှေဆောင်ရုံတွင် The International ဇာတ်ကား ဆက်လက်ပြသနေဆဲဖြစ်သည်။

ကြိုးတန်း

ဒါရိုက်တာ မီးပွား ရိုက်ကူးပြီး ကျော်ဟိန်း၊ ကျော်ရဲအောင်၊ စိုးမြတ်သူဇာ၊ ထွန်းအိန္ဒြာဗိုတို့ ပါဝင်ထားသော **ကြိုးတန်း** ဇာတ်ကားကို မြို့လယ် ဝဇီရာ၊ ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ဧရာဝတီရုံများတွင် ကြည့်ရှုကြရမည်ဖြစ်သည်။

နှင်းဆီမိုးတိမ်

လွန်းထားထား၏ဝတ္ထုကို စိုးမြတ်သူဇာ ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာသရုပ်ဆောင်ခွေး ပါဝင်ရိုက်ကူးထားသည့် **နှင်းဆီမိုးတိမ်** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားကို စံပြ၊ ရွှေမန်း၊ သီတာ၊ မြရတနာ၊ မင်းရန်အောင်ရုံများတွင် တင်ဆက်နေဆဲဖြစ်သည်။

အိန္ဒိယဇာတ်ကားများ

မြို့မတန်းမြင့်ရုံတွင် မင်းသားဗီဂျေး၊ မင်းသမီးချော အဆင်းန်တို့ ပါဝင်ထားသော လူဆိုးလေးအမည်ရ Pokkiri ဇာတ်ကား ဆက်လက်ပြသနေဆဲဖြစ်သည်။ ယင်းဇာတ်ကားသည် အိန္ဒိယတွင် ၁၇၅ရက်ကြာ ပြသခဲ့ရပြီး ဝင်ငွေစံချိန်ချိုးထားသော ဇာတ်ကားဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ကိုကြီးစိုး
(ရုပ်ရှင်သတင်းထောက်)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် မေ ၂၁

မြန်မာအမျိုးသမီးများနေ့ဆောင်းပါးနှင့်ဓာတ်ပုံပြိုင်ပွဲ

၂၀၀၉ခုနှစ် ဇူလိုင် ၃ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်ဆောင်းပါးကို ဇွန် ၁၉ရက် ညနေ ၄နာရီနှင့် ဓာတ်ပုံများကို ဇွန် ၂၀ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

အစ္စရေးနိုင်ငံမှ ပညာရှင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောပွဲကို မေ ၂၂ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့် အနောက်ကြို့ကုန်း အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်သည်။

သက်ကြီးဆရာဝန်များအတွက် အရိုးပွမှုစစ်ဆေးပေးမည်

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့မှ အသက် ၇၀ကျော် သက်ကြီးဆရာဝန်များအတွက် အရိုးပွမှု စစ်ဆေးပေးခြင်းကို ဇွန် ၃ရက်နှင့် ၅ရက်တို့တွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ ပြုလုပ်ပေးမည်ဖြစ်ရာ စစ်ဆေးမှုခံယူလိုသော ဆရာဝန်ကြီးများသည် ဖုန်း-၃၃၄၂၂၉၊ ၀၉-၈၅-၅၃၂၈၉၊ ၅၂၄၈၈၇နှင့် ၅၃၇၆၆၄တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

နယ်ဆရာဝန်များအတွက် စာပေးစာယူသင်တန်းဖွင့်မည်

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ်စစ်ဆေး ပညာသင်ကြားရေးယူနစ်က ကြီးမှူး၍ အနယ်နယ်အရပ်ရပ်မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Common Clinical Problems -2009 စာပေးစာယူသင်တန်းကို ဇွန် ၈ရက်မှ သြဂုတ် ၁၄ရက်အထိ သင်ကြားမည်ဖြစ်ရာ စိတ်ဝင်စားသော ဆရာဝန်များအနေဖြင့် ဖုန်း-၃၇၈၈၆၃ ၊ ၃၈၀၈၉၉ နှင့် ၃၉၄၁၄၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

စာဆိုပညာရှင်များအားပူဇော်ပွဲကျင်းပမည်

နှစ်စဉ်မပျက် ကျင်းပလျက်ရှိသော ချမ်းအေး မွေစာဆိုပညာရှင်ကြီးများအား ပူဇော်ပွဲကို (၁၃)ကြိမ်မြောက်အဖြစ် မေ ၃၀ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၄လမ်း(အောက်လမ်း)ရှိ ဗုဒ္ဓဝိဟာရဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ (အလှူရှင် ပါရမီရှင်များ)၊ စာနယ်ဇင်းများအား ဖိတ်ကြားထားပြီး ဖုန်း-၂၉၉၇၇၃ ၊ ၀၉-၅၁-၅၈၂၅၃ နှင့် ၅၈၀၄၃၈၊ ၂၉၅၉၈၈၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ဟောင်ကောင်ကုန်စည်ပြပွဲသို့ လုပ်ငန်းရှင်များတက်ရောက်နိုင်

ဟောင်ကောင်တွင် အောက်တိုဘာ ၂၈ရက်မှ ၃၁ရက်အထိ ကျင်းပမည့် Eco Expo Asia ပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ စိတ်ပါဝင်စားက တက်ရောက်နိုင်ကြောင်းနှင့် အဆိုပါပြပွဲကို ပတ်ဝန်းကျင်ထိန်းသိမ်းမှုမြှင့်တင်ရန်အတွက် ကျင်းပခြင်းဖြစ်ပြီး တက်ရောက်လိုပါက ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ဆက်သွယ်နိုင်ကြောင်းနှင့် အသေးစိတ်ကို www.ecoexpoasia.com တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

အာမခံထားခြင်းနှင့် လျော်ကြေးတောင်းခံခြင်း ဟောပြောပွဲ

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ ဟန်စိန်သန့်အင်ဂျင်နီယာရင်းနှင့် ထရေးဒင်းတို့၏ ပံ့ပိုးကူညီမှုဖြင့် အာမခံထားခြင်းနှင့် လျော်ကြေးတောင်းခံခြင်း လုပ်ငန်းစဉ်ခေါင်းစဉ်ဖြင့် ဒေါက်တာမောင်မောင်သိမ်း (မြန်မာ့အာမခံလုပ်ငန်း)က မေ ၂၃ရက် မွန်းလွဲ ၂နာရီတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူများ တက်ရောက်နိုင်သည်။

စာပေနှင့် စာနယ်ဇင်းအဖွဲ့ရန်ပုံငွေရုပ်ရှင်ပြသမည်

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေအတွက် မေ ၂၃ရက်(စနေနေ့) နံနက်၈နာရီတွင် ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံ၌ ဟော့ရှော့-၂ဇာတ်ကားကို ပြသမည်ဖြစ်ရာ ကြိုတင်လက်မှတ်ကို အမှတ် ၅၂၉ ကုန်သည်လမ်း (ဒုတိယထပ်)ရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဖုန်း-၂၅၂၄၁၇နှင့် သမ္မတရုပ်ရှင်ရုံ ဖုန်း-၂၄၆၉၆၂၊ ၂၄၆၉၆၃တို့တွင် ဝယ်ယူအားပေးနိုင်သည်။

ရမည်းသင်းအသင်း (ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရမည်းသင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကို မေ၂၄ရက် (တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ဗဟန်းမြို့နယ် အားကစားကွင်းအနီးရှိ M-3 Food Centre ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မြို့သန့်ရှင်းသာယာလှပရေး မြို့သစ်မြို့နယ်၌ ဆောင်ရွက်

မြို့သစ် မေ ၂၁

မကွေးတိုင်း မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် မေ ၆ရက်က တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်းမကြီးဘေးဝဲ/ယာ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ မြေယာရှုခင်းအလှဆင်ခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးသန့်နိုင်က ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ်စည်ပင်)

စာအုပ်စာပေ လူ့မိတ်ဆွေ

မန်ယူနှင့်ဘာစီလိုနာ ဘယ်သူချန်ပီယံလဲ....

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု - သန်းအေး (မြန်မာ့အလင်း)

ရောမ မေ ၂၁

ချန်ပီယံလိဂ်ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို အီတလီနိုင်ငံ ရောမမြို့မှာရှိတဲ့ အိုလံပီကိုအားကစားကွင်းမှာ ဘာစီလိုနာနဲ့ မန်ယူအသင်းတို့ မေ ၂၇ရက်မှာ ယှဉ်ပြိုင်ကစားကြတော့မှာ ဖြစ်ပါတယ်။

လက်ရှိချန်ပီယံ

ဘာစီလိုနာနဲ့ မန်ယူအသင်းတို့ဟာ ချန်ပီယံလိဂ်သမိုင်းမှာတော့ မှတ်တမ်းကောင်းတွေရှိထားကြတဲ့အသင်းတွေဖြစ်ပြီး လက်ရှိအနေအထားမှာလည်း ခြေစွမ်းကွာခြားမှုသိပ်မရှိကြပါဘူး။ မန်ယူဟာ ဒီနှစ်အင်္ဂလိပ်ပရီမီယာလိဂ်မှာ ဖလားရယူထားနိုင်တဲ့အသင်းဖြစ်သလို လက်ရှိချန်ပီယံလိဂ်ဖလားပိုင်ရှင်လည်းဖြစ်ပါတယ်။

မန်ယူအသင်းဟာ ချန်ပီယံလိဂ်ဖလားကို ၁၉၆၈၊၁၉၉၉နဲ့ ၂၀၀၈ခုနှစ်တွေမှာ သုံးကြိမ်ဆွတ်ခူးနိုင်ခဲ့ပြီး လက်ဝယ်မှာရှိနေတဲ့ ချန်ပီယံလိဂ်ဖလားကို ဒီနှစ်မှာကာကွယ်ဖို့ ကြိုးစားမှာဖြစ်ပါတယ်။ ဒီနှစ်ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ စတင်တဲ့အခါ မန်ယူဟာ အုပ်စု(င)မှာ ဗီလာရီးရဲ၊အာဘီ၊ ဆဲလ်တစ်အသင်းတွေနဲ့ တစ်အုပ်စုတည်း ပါဝင်ခဲ့ပါတယ်။

နောက်ပြန်လှည့်ခဲ့ရ

မန်ယူအသင်းဟာ ဘာစီလိုနာအသင်းနဲ့ ပြီးခဲ့တဲ့နှစ်ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲမှာ ရင်ဆိုင်ကြုံတွေ့ခဲ့ပေမယ့် အိုးထရက်ဖို့ဒ်၌ မန်ယူတို့က တစ်ဂိုး-ဂိုးမရှိနဲ့အနိုင်ကစားခဲ့ပြီး အဝေးကွင်းမှာ ဂိုးမရှိသရေပွဲဖြစ်ခဲ့လို့ မန်ယူတို့နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဘာစီလိုနာတို့ မန်ယူကြောင့် ပြီးခဲ့တဲ့နှစ်က ချန်ပီယံလိဂ်ဖလား ရယူရေး လက်တစ်ကမ်းအကွာရောက်မှ နောက်ပြန်လှည့်ခဲ့ရတာပါပဲ။

၁၉၈၄ ခုနှစ်က ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဘာစီလိုနာနှင့် မန်ယူတို့ပွဲ မကစားမီ မန်ယူအသင်းခေါင်းဆောင် ရော်ဘီဆင်(ဝဲ)နှင့် ဘာစီလိုနာအသင်းခေါင်းဆောင် မာရာဒိုနာတို့ ဤသို့လက်ဆွဲနှုတ်ဆက်ခဲ့ကြသည်။

(အင်တာနက်ဓာတ်ပုံ)

မန်ယူ

ဒီနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အုပ်စု(င)မှာပါဝင်တဲ့ မန်ယူအသင်းဟာ အုပ်စုပထမနဲ့ ဒုတိယအဆင့်ကို တက်ရောက်ခဲ့တာဖြစ်ပြီး အဲဒီ ၁၆သင်းအဆင့်မှာ အင်တာမီလန်နဲ့ ယှဉ်ပြိုင်ကစားရပါတယ်။ မန်ယူဟာ အဝေးကွင်းမှာ အင်တာမီလန်ကို ဂိုးမရှိသရေပွဲဖြစ်ခဲ့ပေမယ့် အိမ်ကွင်းမှာ နှစ်ဂိုးပြတ်နိုင်ခဲ့တာကြောင့် ဖာဂူဆန်တို့ ကွာတားဖိုင်နယ်ကို တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။

ဗိုလ်လုပွဲတက်ရောက်

ကွာတားဖိုင်နယ်မှာ ပေါ်တိုအသင်းနဲ့ ယှဉ်ပြိုင်ကစားတဲ့အခါ အိမ်ကွင်းမှာ နှစ်ဂိုးစီ သရေသာကစားနိုင်ခဲ့ပေမယ့် အဝေးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ကစားနိုင်ခဲ့တာမို့ နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-သုံးဂိုးနဲ့ အကြိုဗိုလ်လုပွဲတက်ရောက်ခဲ့ပါတယ်။ အကြိုဗိုလ်လုပွဲမှာ အာဆင်နယ်ကို အိုးထရက်ဖို့ဒ်မှာ တစ်ဂိုး-ဂိုးမရှိ၊ အဝေးကွင်းမှာ သုံးဂိုး-တစ်ဂိုးနဲ့နိုင်ပြီး နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်လာခြင်းပဲဖြစ်ပါတယ်။

ဘာစီလိုနာ

ဘာစီလိုနာအသင်းကတော့ ချန်ပီယံလိဂ်ဖလားကို ၁၉၉၂ ခုနှစ်နဲ့ ၂၀၀၆ ခုနှစ်တွေမှာ ဆွတ်ခူးနိုင်တဲ့ အသင်းဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့တာကတော့ ၁၉၆၁၊ ၁၉၈၆ခုနှစ်နဲ့ ၁၉၉၄ခုနှစ်တို့ဖြစ်ပါတယ်။

ဒီနှစ်ချန်ပီယံလိဂ်မှာတော့ အုပ်စု(ဂ)မှာ ပါဝင်ခဲ့ပြီး စပို့တင်း၊ ရှက်တာဒိုးနက်စ်နဲ့ အက်ဖ်စီဘာဆယ်အသင်းတွေနဲ့ တစ်အုပ်စုတည်းကျခဲ့ပါတယ်။ ဘာစီလိုနာအသင်းဟာ အုပ်စု(ဂ)မှာ အုပ်စုပထမရရှိပြီး နောက်တစ်ဆင့်တက်ရောက်ခဲ့ပါတယ်။ ၁၆ သင်းအဆင့်မှာ လိုင်ယွန်အသင်းကို အိမ်ကွင်းမှာ ငါးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရပြီး အဝေးကွင်းမှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့လို့ နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-သုံးဂိုးနဲ့ ဘာစီလိုနာတို့ ကွာတားဖိုင်နယ်ကို တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။



၁၉၉၄ခုနှစ် ချန်ပီယံလိဂ်အုပ်စုပွဲအဖြစ် မန်ယူနှင့်ဘာစီလိုနာတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် ဘာစီလိုနာ တိုက်စစ်မှူး ရိုမာရီယို (လယ်) မန်ယူဘက်သို့ ဤသို့ ဂိုးသွင်းယူခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

ဘာစီလိုနာအသင်းဟာ ကွာတားဖိုင်နယ်မှာ ဘေယန်မြူးနစ်အသင်းကို အိမ်ကွင်းမှာ လေးဂိုးပြတ်သွင်းပြီး အဝေးကွင်းမှာ တစ်ဂိုးစီသရေပွဲရလဒ်ဖြစ်ခဲ့တာမို့ အကြိုဗိုလ်လုပွဲ တက်ရောက်ခဲ့ပါတယ်။ အကြိုဗိုလ်လုပွဲမှာ ချယ်လ်ဆီးကို နှစ်ကျော့ပေါင်း ရလဒ်တစ်ဂိုးစီဖြစ်နေပေမယ့် အဝေးဂိုးရလဒ်အရ ဘာစီလိုနာတို့ နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။

လေးဂိုးစီသွင်း

ဘာစီလိုနာအသင်းမှာ တိုက်စစ်မှူး မက်ဆီကတော့ ခြေစွမ်းပြနိုင်တဲ့ ကစားသမားဖြစ်ပြီး တစ်ဦးတည်း ရှစ်ဂိုးသွင်းယူထားနိုင်လို့ လက်ရှိအနေအထားမှာ ဂိုးအများဆုံးသွင်းထားနိုင်တဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။ မန်ယူအသင်းမှာတော့ ချန်ပီယံလိဂ်မှာ ဂိုးသွင်းအများဆုံး တိုက်စစ်မှူးတွေက ဘာဘာတော့ဗ်၊ စီရိုနယ်ဒို၊ ရွန်နေနဲ့တီဗက်ဇ်တို့ဖြစ်ပြီး လေးဂိုးစီ သွင်းယူပေးထားပါတယ်။

ဘာစီလိုနာနဲ့ မန်ယူတို့ ချန်ပီယံလိဂ်သမိုင်းမှာ ထိပ်တိုက်ရင်ဆိုင်ကစားခဲ့တဲ့ပွဲတွေကို လေ့လာကြည့်တဲ့အခါ ၁၉၈၃-၁၉၈၄ခုနှစ်က ဘာစီလိုနာကွင်းမှာ မန်ယူတို့ သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

ဒီလိုပါပဲ ၁၉၉၁ခုနှစ်က ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲမှာ မန်ယူနဲ့ဘာစီလိုနာတို့ အကြိတ်အနယ်ကစားခဲ့ပြီး မန်ယူက နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့ပါတယ်။ ဒါ့အပြင် ၁၉၉၄-၁၉၉၅ ဘောလုံးရာသီရဲ့ ချန်ပီယံလိဂ်အုပ်စုပွဲတွေမှာ ထပ်မံဆုံတွေ့ခဲ့ဖူးပါတယ်။ အဲဒီနှစ် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်မှာ မန်ယူနဲ့ဘာစီလိုနာတို့ ရင်ဆိုင်တွေ့ဆုံတဲ့ပွဲမှာ ဘာစီလိုနာကွင်းမှာကစားတော့ ဘာစီလိုနာက မန်ယူကို လေးဂိုးပြတ်နဲ့ အနိုင်ကစားခဲ့ပြီး၊ မန်ယူကွင်းမှာကစားတော့ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပါတယ်။

ဒါ့အပြင် ၁၉၉၈-၁၉၉၉ ဘောလုံးရာသီရဲ့ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အုပ်စု အဆင့်မှာ မန်ယူနဲ့ဘာစီလိုနာတို့ ထပ်မံဆုံတွေ့ခဲ့ကြပါသေးတယ်။ အဲဒီပွဲစဉ်တွေမှာ မန်ယူကွင်းမှာ ကစားတော့ သုံးဂိုးစီ သရေပွဲဖြစ်ခဲ့ပါတယ်။ ဒုတိယအကျော့အဖြစ် ဘာစီလိုနာကွင်းမှာ ကစားတော့လည်း သုံးဂိုးစီ သရေပွဲဖြစ်ခဲ့ပြန်ပါတယ်။

နိုင်ပွဲရရှိ

နောက်ဆုံးတွေ့ခဲ့ကြတာကတော့ ၂၀၀၇-၂၀၀၈ ဘောလုံးရာသီရဲ့ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲမှာဖြစ်ပါတယ်။ ဘာစီလိုနာကွင်းမှာ ပထမအကျော့ကစားတော့ ဂိုးမရှိသရေပွဲဖြစ်ခဲ့သလို မန်ယူကွင်းမှာကစားတဲ့အခါ မန်ယူက တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရရှိခဲ့ပါတယ်။

ဒါကြောင့် မန်ယူနဲ့ဘာစီလိုနာတို့ သမိုင်းတစ်လျှောက် ကိုးပွဲကစားတဲ့အခါ မန်ယူက သုံးပွဲနိုင်ပြီး ဘာစီလိုနာတို့က နှစ်ပွဲနိုင်ခဲ့ပါတယ်။ စုစုပေါင်း သရေလေးပွဲဖြစ်ခဲ့တဲ့ ရလဒ်ကိုကြည့်ရင် ဒီနှစ်ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲမှာ မန်ယူနဲ့ဘာစီလိုနာတို့ ဘယ်သူမှ အသာစီး မရနိုင်ဘူးဆိုတာ သမိုင်းရလဒ်တွေက ပြသနေပါတယ်။ ။

ကိုးကား-အင်တာနက်

ရှက်တာဒိုးနက်စ် ဘောလုံးသမားများ ဆုဖလားနှင့်အတူ ဤသို့ အောင်ပွဲခံခဲ့ကြသည်။

(အင်တာနက်ဓာတ်ပုံ)

ယူအီးအက်ဖ်အေဖလား ရှက်တာဒိုးနက်စ် ပထမဆုံးအကြိမ်ဆွတ်ခူး

အစ္စတန်ဘူလ် မေ ၂၁

ယူအီးအက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲကို ပေါ်တူဂီနိုင်ငံ အစ္စတန်ဘူလ်မြို့ ဆာရာကိုဂလူအားကစားကွင်း၌ မေ ၂၁ရက်က ယူကရိန်းကလပ် ရှက်တာဒိုးနက်စ်နှင့် ဂျာမနီကလပ် ဝါဒါဘရီမင်တို့ ယှဉ်ပြိုင်ကစားရာ ရှက်တာဒိုးနက်စ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ယူအီးအက်ဖ်အေဖလားကို ဆွတ်ခူးသွားခဲ့ပြီဖြစ်သည်။

အဖွင့်ဂိုးသွင်း

ဝါဒါဘရီမင်အသင်းက ရိုဆန်ဘတ်နှင့်ပီဇာရိုတို့ တိုက်စစ်အတွဲကို ပွဲထုတ်ခဲ့သလို ရှက်တာဒိုးနက်စ်ကလည်း အက်ဒရီယာနို၊ အီဆင်ဟိုနှင့် ဝီလျှံတို့ တိုက်စစ်ဖြင့် ရင်ဆိုင်ကစားခဲ့သည်။ ပထမပိုင်းပွဲချိန်အတွင်း ရှက်တာဒိုးနက်စ်တို့ ထိုးဖောက်ကစားနိုင်မှုကြောင့် ပွဲချိန် ၂၅မိနစ်တွင် ရှက်တာဒိုးနက်စ် တိုက်စစ်မှူးအက်ဒရီယာနိုက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဝါဒါဘရီမင်တို့ ချေပဂိုးသွင်းယူနိုင်ရေး ကစားရှိန်မြှင့် ထိုးဖောက်ကစားရာ ပွဲချိန် ၃၅မိနစ်၌ ပြစ်ဒဏ်ဘောရရှိခဲ့သည်။ ယင်းပြစ်ဒဏ်ဘောကို နောက်ခံလူ နယ်ဒိုက တိုက်ရိုက်ကန်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းပွဲချိန်အတွင်း ဂိုးထပ်မသွင်းနိုင်ကြဘဲ တစ်ဂိုးစီ သရေပွဲဖြစ်နေခဲ့သည်။

အဝါကတ်ပြ

ဒုတိယပိုင်းပွဲချိန်အတွင်း အနိုင်ဂိုးရရှိရေးနှစ်သင်းစလုံး အပြန်အလှန်ထိုးဖောက်ကစားခဲ့ရာ ပွဲမှာအကြိတ်အနယ်ရှိခဲ့ပြီး ပွဲကြမ်းသလိုဖြစ်ခဲ့မှုကြောင့် ဝါဒါဘရီမင်မှ ဖရင်း၊ ဖရီစ်၊ အလီဆစ်၊ ဘိုနစ်တို့ အဝါကတ်ထိခဲ့သလို ရှက်တာဒိုးနက်စ်အသင်းတွင်လည်း ဆာနာ၊ လီဝမ်ဒေါစကီနှင့် အီဆင်ဟိုတို့ အဝါကတ်ပြခံခဲ့ရသည်။ ဒုတိယပိုင်းပွဲချိန်တွင်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ခဲ့သဖြင့် အချိန်ပိုမိနစ် ၃၀ ဆက်လက်ကစားခဲ့ရသည်။

အချိန်ပိုကစားရာတွင် ရှက်တာဒိုးနက်စ်တို့ ပိုမိုထိုးဖောက်ကစားနိုင်ခဲ့သဖြင့် ၉၇မိနစ်၌ ရှက်တာဒိုးနက်စ် ကွင်းလယ်ကစားသမား ဂျက်ဆန်က အနိုင်ဂိုးသွင်းယူခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး ရှက်တာဒိုးနက်စ်တို့ ပထမဆုံးအကြိမ် ယူအီးအက်ဖ်အေဖလား ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ ။

(အင်တာနက်)

ကမ္ဘာ့အလှဆုံး ဒီဇိုင်းပုံစံအဆောက်အအုံများ

ကမ္ဘာ့အလှဆုံး ဒီဇိုင်းပုံစံအဆောက်အအုံများ ကမ္ဘာ့အလှဆုံး ဒီဇိုင်းပုံစံအဆောက်အအုံများ

ကမ္ဘာပေါ်တွင် ဒီဇိုင်းပုံစံအလှဆုံးအဆောက်အအုံများကို တည်ဆောက်ထားလျက်ရှိရာ စိတ်ဝင်စားစရာအကောင်းဆုံးနှင့် ဆွဲဆောင်မှုအရှိဆုံး ဗိသုကာလက်ရာမြောက် အဆောက်အအုံအချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-

စုစည်းသူ မောင်မောင်မြင့်ဆွေ

စပိန်မြောက်ပိုင်း ဘီလ်ဘာရိုမြို့မှ ပြတိုက်

စပိန်နိုင်ငံမြောက်ပိုင်း ဘီလ်ဘာရိုမြို့တွင် တည်ဆောက်ထားသော ပြတိုက်အဆောက်အအုံဖြစ်သည်။ ကနေဒါနွယ်ဖွား အမေရိကန်နိုင်ငံသား ဒီဇိုင်းပညာရှင် ဖရန့်ဂီရီက အဆောက်အအုံဒီဇိုင်းပုံစံရေးဆွဲထုတ်လုပ်ထားခြင်းဖြစ်သည်။

စတင်ဖွင့်လှစ်

စတုရန်းမီတာ ၅၀၀ အကျယ်အဝန်းရှိသော မြေဧရိယာပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး ၁၉၉၇ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည့် အဆောက်အအုံဖြစ်သည်။ ၂၀ ရာစုခေတ်၌ အထူးခြားဆုံးအဆောက်အအုံဖြစ်ပြီး ဒီဇိုင်းပုံစံဆန်းသစ်မှုကြောင့် ကမ္ဘာကျော်အဆောက် အအုံဖြစ်လာသည်။

အနုပညာ

အဆောက်အအုံအတွင်း၌ တရုတ်နှင့် ရုရှားတို့၏ အနုပညာလက်ရာများစွာကို ထည့်သွင်းထားသကဲ့သို့ ၂၀ ရာစုခေတ်သစ်ဗိသုကာများကိုလည်း ထည့်သွင်းပြုလုပ်ထားသည်။ **(အောက်ပုံ)**

ကနေဒါနိုင်ငံမှ တိုရွန်တိုရုပ်ရှင်စတူဒီယို

ကနေဒါနိုင်ငံ တိုရွန်တိုမြို့လယ်တွင် တည်ဆောက်ထားသော ဒီဇိုင်းပုံစံထူးခြားသည့် ရုပ်ရှင်စတူဒီယိုအဆောက်အအုံဖြစ်သည်။ (အပေါ်ပုံ) ၂၀၀၈ ခုနှစ်က တည်ဆောက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်၌ ပြီးစီးရန်မျှော်မှန်းထားသည်။

ပုံစံထုတ်

မြေအကျယ်အဝန်း စတုရန်းပေ ၂၈၀၀၀၀ပေါ်တွင် တည်ဆောက်ထားသော အထပ် ၁၁ ထပ်မြင့်သည့် အဆောက်အအုံဖြစ်သည်။ အဆောက်အအုံဒီဇိုင်းကို ခဲလ်အယ်ဆော့ပ် အဖွဲ့မှရေးဆွဲကာ ပုံစံထုတ်ပေးခဲ့ခြင်းဖြစ်သည်။

တည်ဆောက်ထား

အဆောက်အအုံအပြင်ဘက်မျက်နှာစာတွင် မှန်များပတ်လည်ကပ်ထားခြင်းဖြစ်ပြီး အဓိကအားဖြင့် လေနှင့်အလင်းရောင်တို့ကောင်းစွာရရှိနိုင်အောင် ပုံစံဒီဇိုင်းထုတ် တည်ဆောက်ထားခြင်းဖြစ်သည်။ တိုရွန်တိုရုပ်ရှင်စတူဒီယိုကို ၂၀၀၈ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်၌ အပြီးတည်ဆောက်မည်ဖြစ်သည်။

ဒူဘိုင်းမြို့ရှိ အနောရာအဆောက်အအုံ

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့ ရှိတ်ဇာယတ်လမ်း၌ တည်ဆောက်ထားသည်။ တာမီးရားကုမ္ပဏီမှ ဒီဇိုင်းပုံစံရေးဆွဲထားခြင်းဖြစ်ပြီး အမြင့်မှာ မီတာ ၆၀၀ကျော်ရှိသည်။ အနောရာအဆောက်အအုံ မတည်ဆောက်မီ ကမ္ဘာတစ်ဝန်းရှိ အဆောက်အအုံဒီဇိုင်းပညာရှင်များထံမှ ဒီဇိုင်းပုံစံများကို ဖိတ်ခေါ်ခဲ့ပြီး ရွေးချယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အလှပဆုံး

အနောရာအဆောက်အအုံတွင် အထပ်ပေါင်း ၁၂၅ ထပ်ရှိ အခန်း ၂၅၀ ပါဝင်သော ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်တစ်ခုပါဝင်သည်။ ထို့အပြင် ပန်းခြံလေးခု၊ ဆေးရုံနှင့် အားကစားကွင်းများပါရှိပြီး အခန်းပေါင်း ၃၀၀ ဖြင့် ဖွဲ့စည်းထားသည်။ ကမ္ဘာပေါ်တွင် အလှပဆုံးအဆောက်အအုံတစ်ခုအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ **(အောက်ပုံ)**

ကိုယ်လက်လေ့ကျင့်ခန်းပုံမှန်မပြုလုပ်ခဲ့လျှင် အဝလွန်မှု ပိုမိုဖြစ်ပေါ်နိုင်ဟုဆို

ကိုယ်အလေးချိန် လျှော့ချသူများနှင့် အဝလွန်မှုကျဆင်းစေရန် ကိုယ်လက်လေ့ကျင့်ခန်း ပြုလုပ်သူများသည် နေ့စဉ်ပုံမှန် လေ့ကျင့်ခန်းမပြုလုပ်ပါက အကျိုးသက်ရောက်မှုမရှိနိုင်သည့်အပြင် အဝလွန်မှုပိုမိုဖြစ်စေနိုင်ကြောင်း ကနေဒါဆေးသိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

ပိုများလာ

နေ့စဉ်အချိန်မှန်မှန် ကိုယ်လက်လှုပ်ရှားလေ့ကျင့်မှုကြောင့် ကိုယ်အလေးချိန်ကျဆင်းစေကြောင်း၊ ထိုသို့ ကိုယ်လက်လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ခြင်းသည် ခန္ဓာကိုယ်အတွင်း သွေးလည်ပတ်စီးဆင်းမှုကောင်းမွန်စေပြီး သွေးကြောငယ်များသန်မာစေကြောင်း၊ သို့သော် ကိုယ်လက်လေ့ကျင့်မှု ပုံမှန်မပြုလုပ်ခြင်းကြောင့် ခန္ဓာကိုယ်အတွင်း ကိုလက်စထရောစုပုံမှုနှုန်းသည် သာမန်ထက် နှစ်ဆခန့် ပိုများလာစေနိုင်ကြောင်း သိရသည်။

သတိပေးထား

ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းကြောင့် လောင်ကျွမ်းသွားသော ကယ်လိုရီများသည် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်း ရပ်နားလိုက်ပါက စားသောက်လိုက်သော အစားအစာများမှ ကယ်လိုရီများကို ပိုမိုစုပ်ယူမှု ပြုလုပ်နိုင်ရာ အချိန်တိုအတွင်း အဝလွန်မှုပြန်လည်ဖြစ်ပေါ်နိုင်ကြောင်း သတိပေးထားသည်။

အင်တာနက် ကျန်းမာရေး

ဘဝဒဿန

* ***Death is a debt due by all men.***

■ *သေခြင်းတရားသည် လူသားအားလုံး ပေးဆပ်ကြရမည့် အကြွေးပင် ဖြစ်သည်။*

ပေလာဒက်ခ်
(ဂရိလူမျိုး အတွေးအခေါ်ပညာရှင်)

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်
တင်မာဝင်းနှင့် အေးသန္တာသိန်း

တစ်သက်တာဝေးကွာရန် အကြောင်းဖန်လာသောအခါ ....

နိုင်ငံတကာမှခင်း

အမေရိကန်နိုင်ငံရှိ ဆန်ဖရန်စစ္စကိုမြို့ကြီးသည် ကူးသန်းရောင်းဝယ်ဖောက်ကားမှု ထွန်းကားသည့်မြို့ကြီးဖြစ်သည်။ ထိုမြို့ကြီးတွင် ဆာရာကွတ်ဇက်ခ်**(ယာပုံ)** အမည်ရှိ အမျိုးသမီးသည် မိဘ နှစ်ပါးနှင့်အတူ အေးချမ်းစွာနေထိုင်ခဲ့သည်။ သူမသည် ငယ်စဉ် ကတည်းက ပညာကိုအပတ်တကုတ်သင်ယူခဲ့ရာ ဘွဲ့ရရှိခဲ့သည်။ မိဘနှစ်ပါးသည် ကုန်သည်များဖြစ်သဖြင့် သူမသည် ဘွဲ့ရသောအခါ ပြင်ပအလုပ်ရှာစရာမလိုဘဲ မိဘများ၏ လုပ်ငန်းတွင်သာ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ဖူးစာဖက်ခဲ့ကြ

ဆာရာသည် အလုပ်အားလပ်ရက်များတွင် မိတ်ဆွေသူငယ်ချင်းများနှင့်အတူ ရွက်လှေစီးခြင်း၊ သင်္ဘောစီးခြင်းဖြင့် အပျော်ခရီးကို မကြာခဏထွက်လေ့ရှိသည်။ ထိုသို့ ခရီးထွက်ခဲ့ရာမှ လူချမ်းသာပိုင်ရှင်များပိုင်ဆိုင်သည့် အပျော်စီးရွက်လှေသင်္ဘောများကို မောင်းနှင်သူ မာလိန်မှူး ချီရှိုင်းယားမက်အင်တို့ရှ်ျ အမည်ရှိ အမျိုးသားနှင့် တွေ့ဆုံရည်ငံကာ ဖူးစာဖက်ခဲ့ကြသည်။

စံပြဇနီးမောင်နှံ

မက်သည် ဂျော်ဂျီယာပြည်နယ်ရှိ ကမ်းရိုးတန်းမြို့လေးဖြစ်သည့် ဆာဗန်နက်ချ် မြို့တွင်နေထိုင်သူဖြစ်သည့်အတွက် ဆာရာသည် လွန်ခဲ့သော ငါးနှစ်ခန့်က မက်နှင့်လက်ထပ်ပြီး ခင်ပွန်းသည် မက်နေထိုင်ရာ ယင်းမြို့လေးသို့ ယောင်နောက်ဆံထုံးပါဆိုသလို လိုက်ပါနေထိုင်ခဲ့သည်။ မက်နှင့် ဆာရာတို့ ဇနီးမောင်နှံသည် ဆွဲဆောင်မှုရှိပြီး ရှေ့သွားနောက်လိုက်ညီကာ စွန့်စားလိုပြီး ဘာသာရေးကိုင်းရှိုင်းသည့် စံပြဇနီးမောင်နှံအဖြစ် ၎င်းတို့၏ အသိုင်းအဝိုင်းတွင် ဆိုစမှတ်ပြုခဲ့ရသည်။ ခင်ပွန်းသည်မက်က အလုပ်ရှင်များ၏ ရွက်လှေများ၊ သင်္ဘောများကို လိုက်လံရွက်လွှင့်မောင်းနှင်ပေးသည့် အခါတိုင်း ဆာရာက အတူတကွလိုက်ပါကာ အားလုံးအတွက် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးမွေးခဲ့သည်။

လိုက်လံပို့ဆောင်

မက်နှင့် ဆာရာတို့သည် စွန့်စားလိုသည့် ဝါသနာတူဇနီးမောင်နှံဖြစ်သည့် အားလျော်စွာ မရောက်ဖူးသေးသော ကျွန်းကလေးများသို့ မကြာခဏရွက်လွှင့် သွားရောက်လေ့ရှိသည်။ ၂၀၀၉ ခုနှစ်ဦးပိုင်း၌ မက်နှင့် ဆာရာတို့ဇနီးမောင်နှံ၏ အိမ်တွင် ဆည်းလည်းဖြစ်လာမည့် ရင်သွေးအား ဆာရာ၌ လွယ်ထားခဲ့ပြီဖြစ်သည်။ ယခုနှစ် ဇန်နဝါရီလကုန်ပိုင်းတွင်မှ မက်သည် ပိုင်ရှင်များ၏ အပျော်ခရီးအဖြစ် ပွာတိုရီကို နိုင်ငံသို့လိုက်လံ ပို့ဆောင်ပေးခဲ့သည်။

အဆက်အသွယ်ပြတ်သွားခဲ့

ဆာရာသည် ခင်ပွန်းသည်က ၎င်း၏ပိုင်ရှင်သူဌေးများအား အပျော်ခရီးအဖြစ်ရွက်လွှင့်လိုက်လံပို့ဆောင်ရာ ပွာတိုရီကိုနိုင်ငံ ကမ်းရိုးတမ်းမြို့ဖြစ်သည့် ဖာဂျာရိုမြို့သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၃ရက်တွင် ခင်ပွန်းသည်အားတွေ့ဆုံရန် ရောက်ရှိခဲ့သည်။ ခင်ပွန်းသည်အား မတွေ့ဆုံမီ ဖေဖော်ဝါရီ ၄ရက် နံနက်တွင်မှ ဖာဂျာရိုမြို့ ဥယျာဉ်တစ်ခုအတွင်း ခပ်ဖွဖွအပြေးလေ့ကျင့်ခန်းလုပ်နေခဲ့သည်။ ထိုသို့ လုပ်နေရင်းမှ လူတစ်ဦး၏ဖမ်းဆီးခေါ်ဆောင်လုယက်ခြင်းကို ခံခဲ့ရပြီး သူမ၏လက်ကိုင်ဖုန်းဖြင့် မက်ထံသို့ ဆက်သွယ်ကာ သူမသေရတော့မည်ဖြစ်ကြောင်းပြောကြား၍ စကားမဆုံးမီမှာပင် အဆက်အသွယ်ပြတ်သွားခဲ့သည်ဟုဆိုသည်။

တရားစွဲဆို

ထိုအခါ မက်က ဖာဂျာရိုမြို့ ရဲအဖွဲ့သို့ အကြောင်းကြားဆက်သွယ်ခဲ့သဖြင့် ဖုန်းအဆက်အသွယ်မှတစ်ဆင့် ခြေရာခံရာမှ အသက် ၃၆နှစ်ရှိ ဆာရာကွတ်ဇက်ခ်အား သတ်ဖြတ်ခဲ့သူ အသက် ၃၆နှစ်ရှိ အီလီဇာမားကွက်ဇ်အား ဖမ်းမိခဲ့ပြီး ဖေဖော်ဝါရီ ၅ရက်တွင် ပြန်ပေးဆွဲမှု၊ လုယက်မှုတို့ဖြင့် တရားစွဲဆိုခဲ့သည်။ အသတ်ခံရချိန်တွင် ဆာရာ၌ ကိုယ်ဝန်ငါးလရှိနေပြီဖြစ်သည်။

ဖြောင့်ချက်ပေး

မားကွက်ဇ်က တရားရုံး၌ထွက်ဆိုရာတွင် ဆာရာ မိမိကားအနီးမှ ဖြတ်သွားစဉ် ကားအတွင်းသို့ ခေါ်ဆောင်ကာလုယက်ခဲ့ခြင်းဖြစ်ကြောင်း၊ သူမ၌ ကိုယ်ဝန်ရှိသည်ကိုမသိခဲ့ကြောင်း၊ ဆာရာက ဖုန်းဆက်အကြောင်းကြားခဲ့သဖြင့် ခြေလွန်လက်လွန် လုပ်ခဲ့မိခြင်းဖြစ်ကြောင်း၊ မူလက ဆာရာ၏လက်ဝတ်ရတနာများကိုရယူရန်သာကြံခဲ့ကြောင်း၊ မိမိတွင်လည်း သမီးတစ်ယောက်ရှိပြီး ပြင်မရသော အမှားကြီးကို ကျူးလွန်ခဲ့မိပြီဖြစ်ကြောင်း ဝမ်းနည်းစွာငိုကြွေး ဖြောင့်ချက် ပေးခဲ့သည်။

လောဘနောက်လိုက်ပါ

ယခုဖြစ်စဉ်တွင် အီလီဇာမားကွက်ဇ်၏ လောဘနောက်သို့ မဆင်မခြင်လိုက်ပါခဲ့မှုကြောင့် အပြစ်မဲ့သော ဆာရာကွတ်ဇက်ခ်နှင့် ဝမ်းတွင်လွယ်ထားရသည့် ကလေးငယ်မှာ ခင်ပွန်းသည် ချီရှိုင်းယား မက်အင်တို့ရှ်ျနှင့် တစ်သက်တာဝေးစေဖို့ အကြောင်းဖန်ခဲ့ပြီး အီလီဇာမားကွက်ဇ်ကိုယ်တိုင် တစ်သက်တစ်ကျွန်းထောင်ဒဏ်ကျခံကာ သမီးဖြစ်သူနှင့် ရှင်ကွဲ ကွဲရမည့်အဖြစ်ကို သင်ခန်းစာယူဖွယ် ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား- အင်တာနက် ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

မက်နှင့် ဆာရာတို့ ဇနီးမောင်နှံသည် ဆွဲဆောင်မှုရှိပြီး ရှေ့သွားနောက်လိုက်ညီကာ စွန့်စားလိုပြီး ဘာသာရေးကိုင်းရှိုင်းသည့် စံပြဇနီးမောင်နှံအဖြစ် ၎င်းတို့၏ အသိုင်းအဝိုင်းတွင် ဆိုစမှတ်ပြုခဲ့ရ။

အမြဲတမ်း စိမ်းလန်းနေမည့် ညောင်ရွှေမြို့နယ်က အင်းလေးကန်

အင်းလေးကန်အတွင်းရှိ ဗေဒါအမှိုက်များကို ဤသို့ စုပေါင်းရှင်းလင်းဖယ်ရှားနေကြသည်။ (မြန်မာ့အလင်း)

➤ သတင်းခရီးသည် - ဝင်းကျော်
➤ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
➤ စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ညောင်ရွှေ မေ ၂၁

ဤဒေသသို့ရောက်လျှင် ထိုကန်ကြီးသို့ မရောက်လျှင် မဖြစ်။ ယင်းဒေသ၏ အထင်ကရ နေရာတစ်ခု။

ထင်ရှားကျော်ကြား

ရိုးရာလက်မှုပညာများ၊ ကျွန်းမျောစိုက်ခင်းများပေါ်မှ သီးနှံများ၊ ရေပေါ်ဆောက်လုပ်ထားသော နေအိမ်များနှင့် ဟိုတယ်လေးများက အသွင်ဆန်းသလို မြင်သူလည်းငေးရလောက်သည်။ အဆိုပါကန်ကြီးမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ မြန်မာပြည်၏ ထင်ရှားကျော်ကြားသော အင်းလေးကန်....။

ပြည်တွင်းပြည်ပခရီးသွားများဆွဲဆောင်လျက်ရှိ

အင်းလေးကန်သည် သဘာဝအလျောက် ဖြစ်တည်ပေါ်ပေါက်လာခဲ့သည်။ ထိုအင်းကိုပင်အမှီပြု၍ ဒေသခံ အင်းသားတို့၏ စီးပွားရေးနှင့် လူမှုဘဝများ ပြောင်းလဲတိုးတက်ဖြစ်ပေါ်ခဲ့ရသည်။ အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင် အလှအပနှင့် ရိုးရာလက်မှုပစ္စည်းများက ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်လျက်ရှိသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

အင်းလေးကန်အတွင်းရှိ ဟိုတယ်များကိုလည်း ရိုးရာပုံစံကို အမှီပြု၍ ဤသို့ တည်ဆောက်ထားသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

လက်ရှိအခြေအနေတွင် အကြောင်းကြောင်းကြောင့် နိုင်ငံရပ်ခြားသွားလာနေထိုင်အလုပ်လုပ်ကိုင်နေကြရသော်လည်း မည်သည့်အကြောင်းနှင့်မျှ အမိနိုင်ငံကို ခြေစုံကန်ရန်မသင့်ပါ။မိမိတို့လိုလားသည့် ပညာ၊ စီးပွားများရရှိပြီးပါက အမိရင်ခွင်သို့ ဆက်ဆက်ပြန်လာကြစေချင်ပါသည်။ လာခွင့်များလည်း ကိုယ်စီကိုယ်င ပိုင်ဆိုင်ထားကြပြီးဖြစ်ပါသည်။

မိပြည်ချစ်၏ ဆောင်းပါး စာ - ၁၀

ထူးခြားသည့် နေ့အပူချိန် (၂၁-၅-၂၀၀၉)

ချောက်	၄၂ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန် (၂၁-၅-၂၀၀၉)

ဘီးလင်း	၆ ဒသမ ၃၄ လက်မ
ဖျာပုံ	၂ ဒသမ ၀၁ လက်မ
ဟသာတ	၁ ဒသမ ၃၄ လက်မ
ဥမြို့	၀ ဒသမ ၇၉ လက်မ

ဇီဝဘက်ထရီ အသုံးပြု၍ တစ်နှစ်ပတ်လုံး အလင်းရောင်ရရှိနိုင်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း
ညီညီထွန်း(သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု
ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ကုန်ကျစရိတ်သက်သာပြီး အသုံးပြုရန် လွယ်ကူသည့် သဘာဝ စွန့်ပစ်ပစ္စည်းများဖြင့် တီထွင်ထုတ်လုပ်ထားသော ဇီဝဘက်ထရီ။ (သတင်းစဉ်)

ရန်ကုန် မေ ၂၁

လူသားတိုင်းသည် မိမိတို့ဘဝ အဆင်ပြေသက်သာစွာ နေထိုင်နိုင်ရေးအတွက် တီထွင်မှုအမျိုးမျိုးဖြင့် ပိုမိုတိုးတက်အောင် ကြိုးပမ်းတည်ဆောက်ခဲ့ပေသည်။ ယင်းသို့ တီထွင်ဖန်တီးမှုစွမ်းပကားကြောင့် သမိုင်းတစ်လျှောက်တွင် ယနေ့နှင့်မနက်ဖြန်သည်ပင် ကွဲပြားတိုးတက်မှုများကို အစဉ်တွေ့ကြုံနေကြရပေသည်။

ထိုကဲ့သို့ တိုးတက်မှုများတွင် လူသားများ၏ နေထိုင်မှုဘဝကို အသက်သာဆုံးဖြစ်စေရန် ဖန်တီးပေးနိုင်မှုမှာ လျှပ်စစ်စွမ်းအင်ပင်ဖြစ်သည်။

ထုတ်ယူရရှိ

လျှပ်စစ်စွမ်းအင်ကို Fossil Fuel (ခေါ်)မြေအောက်မှထွက်ရှိသော ရေနံ၊ ကျောက်မီးသွေးလောင်စာများဖြင့် Generator များလည်ပတ်ခြင်း၊ ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအင်နှင့် အဏုမြူစွမ်းအင်တို့ကို အသုံးပြု၍ ထုတ်ယူရရှိနိုင်ပေသည်။

ပျက်စီး

ထိုကဲ့သို့ ထုတ်ယူမှုများတွင် Fossil Fuel အသုံးပြုရာမှ ထွက်ရှိသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များသည် ကမ္ဘာ့အပူချိန်ကို မြင့်တက်စေပြီး အပူချိန်မြင့်တက်လာမှုကြောင့် လေထုအတွင်းရှိ အိုဇုန်းလွှာများ ပျက်စီးခြင်းနှင့်

စာမျက်နှာ ၁၂ ကော်လံ ၁ ✻